# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၅၁)၊ ၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၇ ရက် ၊ ၁၅–၈–၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

(၁၀)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်အား ဒေသစံတော်ချိန် ယနေ့ညနေ ၃ နာရီတွင် လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိအား ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဖြစ်ပေါ်တိုးတက်မှုများနှင့် နယ်စပ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေး၍ မြန်မာနိုင်ငံတွင်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စကို ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို ထောက်ခံအားပေးကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **သတင်းစဉ်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀-၀

**ယနေ့ ဖတ်စရာ အညွှန်း**


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ စာမျက်နှာ ၂

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် ဆိုင်ကယ်လှည့်ကင်းရဲတပ်ဖွဲ့များအတွက် ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်း စာမျက်နှာ ၄

ဥရောပ ယူအီးအက်ဖ်အေ စူပါဖလားချန်ပီယံဆုအား ပီအက်စ်ဂျီအသင်း ဆွတ်ခူး စာမျက်နှာ ၁၁




၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ သောကြာနေ့။

## ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိ

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများအားလုံး ကျန်းမာရေးအဆင့်မြှင့်ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေးကို ဒေသအလိုက်၊ ကျောင်းအလိုက် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိဘ၊ ဆရာများနှင့်ပူးပေါင်းပြီး အတတ်နိုင်ဆုံး ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန်လိုပါကြောင်း၊ ယခုပညာသင်နှစ် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းများအဖြစ် ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ကျောင်းများမဖွင့်မီ ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ (၆)ပတ်တစ်ကြိမ် ပိုးလောက်လမ်းသေဆေး (အဘိတ်)ခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး အသိပညာပေးပြောကြားခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများနှင့် ကျောင်းမုန့်ဈေးတန်းများ ကျန်းမာရေးနှင့် ညီညွတ်စေရေးလုပ်ငန်းများကို ပညာရေးနှင့်ကျန်းမာရေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်)အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းကို (၂၀၂၄ - ၂၀၂၅) ပညာသင်နှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး(၂၀၂၅ - ၂၀၂၆) ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက(၂၀၂၅ - ၂၀၂၆) ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်မည့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းအပါအဝင် ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှု ဗီဒီယိုကိုပြသပြီး တက်ရောက်လာကြသူများနှင့်အတူ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း(ဇမ္ဗူသီရိမြို့နယ်)သို့ သွားရောက်၍ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများဖြစ်သည့် ပဏာမ မျက်စိကျန်းမာရေးစစ်ဆေးခြင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်များကို အသုံးပြုပြီး အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးကုသမှုပေးခြင်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ပိုးလောက်လမ်းကင်းစင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများက အာဟာရပြည့်ဝမျှတသည့်အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျောင်းသား၊ ကျောင်းသူကလေးများက အစာအုပ်စုသုံးအုပ်စုနှင့်ပတ်သက်၍ အာဟာရပညာပေးခြင်း၊ KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးမှု ဆောင်ရွက်ခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြင့် (၂၀၂၅ - ၂၀၂၆)ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့ ဆိုသည့်အတိုင်း နိုင်ငံ၏အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသား လူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မကွေး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝ၃၈)



## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက် ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတွင် ရောင်းချပေးခဲ့သည်။ (အောက်ပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်တောင်စုရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



## လူထုအခြေပြုဗဟိုဌာနတွင် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

စုစုအေး(ကျောက်ဆည်)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့အခြေစိုက် အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများမြှင့်တင်ရန် ရည်ရွယ်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အီဂျစ် အွန်လိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပနိုင်ရေးနှင့် အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ညီနောင်အသင်းများနှင့်အီဂျစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း၊ ဝါနှင့်ချည်မျှင် ဆင့်တက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးနှင့် ဆေးဝါးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သည့် လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာ လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အီဂျစ်သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာစကိတ်အားကစားအဖွဲ့နှင့် H.T.V Sports Channel မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မြန်မာစကိတ်အားကစား တိုးတက်ဖွံ့ဖြိုးရေးနှင့် H.T.V Sports Channel သတင်းရိုက်ကူးရေးဆိုင်ရာတာဝန်ရှိသူများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ မြန်မာနိုင်ငံစကိတ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က မြန်မာစကိတ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်နိုင်ရေးအတွက် အဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ Roll Ball အားကစားအဖွဲ့ ဖွဲ့စည်းခွင့်ရရှိရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးကွင်း ရရှိရေးနှင့် ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်ညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် H.T.V Sports Channel သတင်းရိုက်ကူးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ H.T.V Sports Channel မှ (CEO) ဦးဇေယျာမင်းနှင့် တာဝန်ရှိသူတို့က Hey Play Channel တွင် လက်ရှိရိုက်ကူးထုတ်လွှင့်နေမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသပေးလျက်ရှိသည့် အားကစားနည်းများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်ခင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြိုင်ပွဲကာလအတွင်း ယှဉ်ပြိုင်နေမှု၊ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည့် အားကစားနည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့က အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူစိတ်ဝင်စားသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ကွင်းသွင်းခြင်း၊ ပြေးခုန်ပစ်၊ အလေးမ၊ လှေလှော်၊ ဘီလီယက်နှင့်စနူကာ၊ ပီတန်း၊ မြားပစ်၊ သေနတ်ပစ်၊ ကဘာဒီနှင့် တက်ဂ်ဘော စသည့် အားကစားနည်းများနှင့် ကိုယ်ခံပညာ(အတိုက်) အားကစားနည်းများဖြစ်သော တိုက်ကွမ်ဒို၊ ဂျူဒို၊ ပန်ကြပ်ဆီလပ်၊ ကစ်ဘောင်ဆင်၊ မွေ့နှင့် ဝူရှူး စသည့် အားကစားနည်းတို့ကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်နိုင်ရေးနှင့် လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏(၁၅)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မက္ကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၌ ကျင်းပမည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) ၏ မျက်နှာစုံညီအစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးရန်နှင့် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် ၂၀၂၅ ခုနှစ် APG နှစ်ပတ်လည် အစည်းအဝေးနှင့် သင်တန်းနှင့် နည်းပညာ ပေးအပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးရန် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပေးပို့ရန်အချက်များအလိုက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနများကလည်းကောင်း၊ ၂၀၂၅ ခုနှစ် APG နှစ်ပတ်လည်အစည်းအဝေးနှင့် သင်တန်းနှင့်နည်းပညာပေးအပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အချက်များအား ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ တာဝန်ရှိသူများ၊ တိုးတက်မှုအစီရင်ခံစာ မူကြမ်း (အင်္ဂလိပ်+ မြန်မာ)စိစစ်ရေးသားအဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



# နတ်တလင်းမြို့နယ်၌ လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နတ်တလင်း ဩဂုတ် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသန်းမြတ်စိုး၊ နတ်တလင်းမြို့နယ်မှ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဦးရန်အောင်တို့နှင့်အတူ ယမန်နေ့က နတ်တလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြသက်တင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ရွာသာကုန်း-ဇီးပင်ကွင်း-လက်ခုပ်ပင်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးနှင့် QC စစ်ဆေးခြင်းလုပ်ငန်းများ စနစ်တကျစစ်ဆေးဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့မွန်းလွဲပိုင်းက ဂျပန်နိုင်ငံအခြေစိုက် AEON Co., Ltd မှ ငလျင်ဘေးသင့် ဒေသများသို့ ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများကို ပံ့ပိုး ကူညီဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းက ဂျပန်နိုင်ငံ အခြေစိုက် AEON Co.,Ltd မှ ငလျင်ဘေးသင့် ဒေသများသို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း များကို ပံ့ပိုးကူညီဆောင်ရွက်ရန် လှူဒါန်းထားသည့် ငွေများမှ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် သာသနိက အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအနက် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် လှူဒါန်းရန် တိုင်းဒေသကြီး အတွင်း လျာထားရွေးချယ်ထားမှု အခြေအနေများအား ရှင်းလင်း တင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြော ကြားပြီး ရှင်းလင်းတင်ပြရွေး ချယ်ထားမှုများအပေါ် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က တိုင်းဒေသ ကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနတို့မှ တိုင်း ဦးစီးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း၊ တွေ့ဆုံပွဲသို့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသ ကြီးကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရ သည်။ **(မန္တလေးနေ့စဉ်)**




# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် ဆိုင်ကယ်လှည့်ကင်းရဲတပ်ဖွဲ့များအတွက် ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်း



**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့များ နှင့် ဆိုင်ကယ်လှည့်ကင်းရဲတပ်ဖွဲ့ များအတွက် ရိမ်းဘိုးဆိုင်ကယ် အပိုပစ္စည်းရောင်းဝယ်ရေး မိသားစု က ဆိုင်ကယ်စီးဦးထုပ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးသို့ ယနေ့မွန်းလွဲပိုင်းက လာရောက်လှူဒါန်းရာ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိ သူများက လက်ခံ၍ ကျေးဇူးတင် စကားပြောကြားပြီး ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် ရိမ်းဘိုးဆိုင်ကယ်အပိုပစ္စည်း ရောင်းဝယ်ရေး မိသားစုက ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ဆိုင်ကယ်စီးဦးထုပ်အလုံးရေ (၃၀၀)လုံးကို လှူဒါန်းခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ယာဉ် ထိန်းရဲတပ်ဖွဲ့များနှင့် ဆိုင်ကယ် လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့များထံသို့ စနစ်တကျပေး အပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မြစ်သားမြို့နယ်တွင် မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဝါခူးဆွတ်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးသမဝါ ယမအသင်းစုချုပ်နှင့် မြို့နယ် သမဝါယမအသင်းစုပိုင်ငွေဖြင့် မိုးကြိုဝါစိုက်ပျိုးခြင်းဖြင့် အသေး စား၊ အလတ်စား ရက်ကန်း လုပ်ငန်းများတွင် ကုန်ကြမ်းရရှိ စေရေးနှင့် အထွက်နှုန်းကောင်း မွန်ပြီး တစ်ဦးချင်းဝင်ငွေတိုးပွား စေရန် ရည်ရွယ်၍ မြိုင်ကုန်း ကျေးရွာရှိ မြိုင်ကုန်းလယ်ယာ နှင့် အထွေထွေစီးပွားလုပ်ငန်း သမဝါယမအသင်း အသင်းသား တောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါစိုက်စိုက်ခင်းများ အောင် မြင်ဖြစ်ထွန်းပြီး ဝါခူးဆွတ်နေမှု များကို ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေး ရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသောင်းဌေးက မြိုင်ကုန်းလယ်ယာနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်း အသင်းသား တောင်သူ ဦးရွှေမန်း၏ ကွင်းအမှတ် (၅၃၄/င)ရှိ ဦးပိုင်အမှတ်(၂၃/၁) စိုက်ဧက ၁၅ ဧကတွင် ဝါစိုက် ခင်းအောင်မြင်ဖြစ်ထွန်းပြီး ဝါခူး ဆွတ်နေမှုများကို ကြည့်ရှုစစ် ဆေးခဲ့ပြီး မိမိတို့ သမဝါယမဦးစီး ဌာနအနေဖြင့် ဝါပန်းတိုင်အထွက် နှုန်း ရရှိရေးအတွက် သွင်းအား စုများပံ့ပိုးပေးခဲ့ပြီး ထွက်ရှိလာသော ဝါများ ဈေးကောင်းရရှိရေး အတွက် အဝယ်ဒိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးထား ကြောင်း ဆွေးနွေးပြောကြား ခဲ့သည်။ ဆက်လက်၍ အသင်း သား တောင်သူ ဦးရွှေမန်းက မိုးကြိုဝါစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းပြီး ဝါခူးဆွတ်မှု(၈)ကြိမ် ခူးဆွတ်ပြီးချိန်တွင် တစ်ဧက ပျမ်းမျှအထွက်နှုန်း ပိဿာ(၈၅၀) ထွက်ရှိကြောင်း၊ ထပ်မံခူးဆွတ် ရန် (၂)ကြိမ်ကျန်ရှိခြင်းကြောင့် ယခုနှစ်ရာသီကုန်ချိန်အထိ တစ် ဧကပျမ်းမျှပိဿာ(၁၀၀၀)ကျော် ထွက်ရှိနိုင်ကြောင်းနှင့် ယခင်နှစ် မိုးကြိုဝါ တစ်ဧကပျမ်းမျှအထွက် နှုန်း ပိဿာ(၉၀၀)ထွက်ရှိခဲ့ ကြောင်း ပြောကြားခဲ့သည်။

အဆိုပါကြည့်ရှုစစ်ဆေးရာသို့ မန္တလေးတိုင်းဒေသကြီး သမဝါ ယမဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး၊ မြို့နယ်သမဝါယမဦး စီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်း များ၊ မြို့နယ်သမဝါယမအသင်းစု မှ တာဝန်ရှိသူများနှင့် ဒေသခံ အသင်းသား တောင်သူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

၀-၀-၀



# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံရိုက်ကူးရေးအဖွဲ့ နေပြည်တော်တွင် မှတ်တမ်းရုပ်ရှင်ရိုက်ကူး

နေပြည်တော် ဩဂုတ် ၁၄

"ပွင့်လန်းသာယာ လန်ချန်း - မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းရိုက်ကူးမည့် တရုတ်နိုင်ငံ နန်နင်းမြို့ရှိ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် ရိုက်ကူးရေးအဖွဲ့ဝင် ခုနစ်ဦးသည် ဩဂုတ် ၁၂ ရက်မှစ၍ နေပြည်တော်တွင်ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အောင်သာကျေးရွာတွင် လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပျဉ်းမနား -ရေဆင်းရှိ သစ်တောသုတေသနဌာနတွင် သုတေသနဆောင်ရွက်မှုအခြေအနေများအပြင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် သာယာလှပမှုများကို ရုပ်သံမှတ်တမ်း ရိုက်ကူးနေခြင်းဖြစ်သည်။



ယနေ့ညနေပိုင်းတွင် ကွမ်ရှီးရိုက်ကူးရေးအဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ကြပြီး ရုပ်ပွားတော်မြတ်ကြီးအပြင် ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိသည့် ဂန္ထကုဋိတိုက် ၂၄ ဆောင်၊ စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော်အဆူ ၇၂၀၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကို သွားရောက်လေ့လာပြီး ရိုက်ကူးကြသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဩဂုတ် ၁၉ ရက်အထိ ဆက်လက်ရိုက်ကူးကြမည်ဖြစ်ပြီး ယင်းတို့ရိုက်ကူးနေသည့် "ပွင့်လန်းသာယာ လန်ချန်း - မဲခေါင် ဂေဟာ" ရုပ်သံမှတ်တမ်းအစီအစဉ်တွင် လန်ချန်း-မဲခေါင်ဒေသနိုင်ငံများဖြစ်ကြသော တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ရုပ်သံမှတ်တမ်းများအား စုစည်း၍ တည်းဖြတ်ပြီးပါက ယင်းနိုင်ငံများတွင် ထုတ်လွှင့်ပြသနိုင်ရန် ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယမန်နေ့တွင် ကျောင်းသား ကျောင်းသူ ၆၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၈၁၄၆ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၂၉ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၄၉ ဦးအား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၄၉ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၊ (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ဘုရားတည်မလား၊ ကျောင်းအိမ်ဆောက်မလား၊ ဒါတွေ ဒါတွေ မှတ်လို့ထား (၅)

မြန်မာတို့၏ နှစ်တစ်နှစ်တွင် လပေါင်း (၁၂)လ ရှိ၏။ တစ်လတွင် ရက်ပေါင်း ၃၀ ရှိသောလက (၆)လ ဖြစ်၏။ ရက်ပေါင်း (၂၉)ရက် ရှိသောလက (၆)လရှိ၏။ လတစ်လ၏ လဆန်း ၈ ရက်နေ့ လဆန်း ၁၅ ရက် (လပြည့်)နေ့၊ လပြည့်ကျော် ၈ ရက်၊ လပြည့်ကျော် ၁၅ ရက် (လကွယ်)၊ ၁၄ ရက် (လကွယ်)နေ့တို့ကို ဥပုသ်(သီတင်း) နေ့ဟု ခေါ်ဝေါ် သတ်မှတ်ထားကြ၏။ ထိုနေ့တို့တွင် ဥပုသ်ဆောက်တည်ခြင်း၊ ဒါနပြုလုပ်ခြင်းများ ရှိကြ၏။ တစ်နည်းဆိုရသော် ဗုဒ္ဓဘာသာဝင်တို့သည် ဥပုသ်နေ့ကို တန်ဖိုး ထားကြ၏။

လွန်ခဲ့သော ဥပုသ်နေ့က ဖြစ်၏။ အဘိုးတို့ စကားဝိုင်းဖွဲ့ရာ သုဓမ္မာဇရပ်အနီးက ခရေပင်အောက်သို့ ရောက်ခဲ့၏။ အဘိုးတို့၏ စကားဝိုင်းသည်လည်း စနေပြီ ဖြစ်၏။

'လွန်ခဲ့တဲ့ ဥပုသ်နေ့တုန်းက စတင်ခဲ့တဲ့ ဌာပနာသွင်းတဲ့ အကြောင်းဟာ တစ်ပိုင်းတစ်စဖြစ်သွားတယ် မဟုတ်လား ကိုကြီး ချမ်းအေးရဲ့'

'တစ်ပိုင်းတစ်စဖြစ်ခဲ့တဲ့ ဌာပနာသွင်းတဲ့အကြောင်းကို ဒီနေ့ ဆက်ကြရမှာပေါ့ ကိုကြီး စိန်ခိုရာ။ အဲ့ဒီ ဌာပနာသွင်းတဲ့အကြောင်း မဆက်ခင် မဏ္ဍပ် ကိုးလုံးကို မျက်စိထဲမြင်သွားအောင် ပုံဆွဲလာခဲ့တယ်။ အဲ့ဒီပုံလေး ကြည့်ကြပါဦးဗျာ။ ဟောဒီမှာလေ-

| | | |
|---|---|---|
| တနင်္ဂနွေထောင့် ဂဠုန်မင်း | တနင်္လာအရပ် ရသေ့ဝိဇ္ဇာ | အင်္ဂါထောင့် ဗြဟ္မာ၊ သိကြား |
| သောကြာအရပ် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသနှင့် ဒေသန္တရ | ဗဟို ဘုရားကိုးဆူနှင့် ဂြိုဟ်မင်း | ဗုဒ္ဓဟူးအရပ် မိုးနတ်၊ လေနတ် |
| ရာဟုထောင့် နတ်ဘီလူးမင်းကြီး | ကြာသပတေးအရပ် ဝသုန္ဒြေရေမြေစောင့် | စနေထောင့် နဂါးမင်း |

'အလယ်ဌာပနာတိုက်မှာ မြတ်စွာဘုရားရဲ့ ဇာတာပုံနဲ့အတူ ဘုရားရဲ့ ဓာတ်တော်၊ မွေတော်တို့ကိုလည်း ထည့်ရမယ်လို့ ပြောခဲ့ကြတယ် မဟုတ်လား ကိုကြီး စိန်ခိုရဲ့'

'ပြောခဲ့တယ်လေ ကိုကြီး ကြွက်ချီးရဲ့။ အဲ့ဒီဘုရားရဲ့ ဓာတ်တော်၊ မွေတော်တွေနဲ့အတူ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်အာနန္ဒာ၊ ရှင်ဗာကုလ၊ ရှင်သီဝလိတို့ရဲ့ ဓာတ်တော်များကိုလည်း ထည့်သွင်းနိုင်တယ်ဗျ'

'အထက်ဌာပနာကိုကော ဘယ်လိုသွင်းရမှာလဲ ကိုကြီး ချမ်းအေးရဲ့'

'အထက်ဌာပနာကိုတော့ မူလဌာပနာရယ်၊ အလယ်ဌာပနာရယ် သွင်းခဲ့တာတွေနဲ့ အဖိုးတန်ရတနာတွေကို ထည့်သွင်းရမှာ ဖြစ်ပါတယ်။ ဌာပနာတိုက်သေးရင်တော့ တန်ဖိုးကြီးရတနာလောက်ပဲ သွင်းရင်တော့ ရပါတယ်'

'ဒါဆိုရင် ဌာပနာ သုံးဆင့် သွင်းတဲ့အလုပ်ပြီးပြီပေါ့ ကိုကြီး စိန်မြရာ'

'ဌာပနာတိုက်သွင်းတဲ့အခါမှာ နေရမယ့် နေ့သား၊ ရွတ်ရမယ့် ဂါထာတွေ ရှိသေးတယ်ဗျ ကိုကြီး ချမ်းအေးရဲ့'

'ဒါဆိုလည်း လင်းစမ်းပါဦးလေ ကိုကြီး ဖိုးမှိုင်းရဲ့'

'အရှေ့မြောက် တနင်္ဂနွေထောင့်မှာ တနင်္ဂနွေသားနေပြီး ရတနာ သုံးပါး ဂုဏ်တော်များကို ရွတ်ရမယ်။ အရှေ့ တနင်္လာအရပ်မှာ တနင်္လာသားနေပြီး သရဏဂုံ သုံးပါးကို ရွတ်ရမယ်။ အရှေ့တောင် အင်္ဂါထောင့်မှာ အင်္ဂါသားနေပြီး သုနက္ခတ္တံ ဂါထာကို ရွတ်ရမယ်။ တောင် ဗုဒ္ဓဟူးသားနေပြီး ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ရွတ်ရမယ်။ အနောက်တောင် စနေထောင့်မှာ စနေသားနေပြီး ရှင်သီဝလိ ၁၀ ဂါထာကို ရွတ်ရမယ်။ အနောက် ကြာသပတေးအရပ်မှာ ကြာသပတေးသားနေပြီး ရှင်သီဝလိ ရှေးဟောင်း ခုနစ်ဂါထာကို ရွတ်ရမယ်။ အနောက်မြောက် ရာဟုထောင့်မှာ ရာဟုသားနေပြီး ရှင်ဥပဂုတ္တ ပရိတ်ဂါထာကို ရွတ်ရမယ်။ မြောက် သောကြာအရပ်မှာ သောကြာသားနေပြီး ပဋ္ဌိစ္စသမုပ္ပာဒ် အနုလုံပါဠိကို ရွတ်ရမယ်'

'ဒါဆိုရင် ဌာပနာသွင်းတဲ့အလုပ်က ပြီးသွားပြီပေါ့ ကိုကြီး ကြွက်ချီးရာ။ ဌာပနာသွင်းတဲ့ အလုပ်ပြီးတာနဲ့ ထီးတော်တင်တဲ့ အကြောင်းကိုတော့ ကိုကြီး ကြာခိုင်ကပဲ ဆက်စမ်းပါလေ'

'အင်း-အလှည့်ကျတော့လည်း မနဲ့စတမ်းပေါ့လေ။ ထီးတင်ကြတော့တာပေါ့ဗျာ။ ထီးတော်တင်မင်္ဂလာလို့ ဆိုရမှာပေါ့လေ'

'အစီအစဉ် မှန်မှန်ကန်ကန်လေး သိချင်တယ် ကိုကြီး ကြာခိုင်ရာ'

'ထီးတော်တင်တော့မယ်ဆိုရင် ထီးတော်များနဲ့အတူ ရွှေပန်းခိုင် စိုက်ထိုးထားတဲ့ ရွှေမြူတာအိုးကိုးလုံး၊ ငွေပန်းခိုင်စိုက်ထိုးထားတဲ့ ငွေမြူတာအိုး ကိုးလုံးတို့ကိုလည်း ထားရှိရမယ်။ ရဟန်းတော် ကိုးပါးတို့ကိုလည်း ပင့်ထားရမယ်။ ပြီးတော့ အုတ်မြစ်တော်စီမင်္ဂလာတုန်းကလိုပဲ သီလခံယူတာ၊ ကပ်လှူတာ၊ ဒေဝါဝင်း၊ ရာဇာဝင်းတို့နဲ့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့ကို ပင့်ဆောင်ပြီး ဘုရားကို လက်ယာရစ် သုံးပတ် လှည့်ကြရမယ်'

'နေပါဦး ကိုကြီး ကြာခိုင်ရဲ့။ လက်ယာရစ် သုံးပတ်လှည့်ပြီး ဘာလုပ်ရမှာလဲဗျ'

'လက်ယာရစ် သုံးပတ်လှည့်ပြီးတာနဲ့ စေတီရဲ့တောင်ဘက်အရပ်မှာ ဆောက်လုပ်ထားတဲ့ ထီးနားဆောင်မဏ္ဍပ်မှာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့ကို ထားရမယ်ဗျ။ အဲ့ဒီ ထီးနားဆောင်ထဲမှာ မဟုတ်ဘဲ မူလအကြည်ညိုခံထားတဲ့ အဆောက်အအုံ မဏ္ဍပ်ထဲမှာ ပြန်ထားရင်လည်း ရပါတယ်ဗျာ'

'ဒါဆို ထီးတော်ကို ဘယ်လိုတင်မလဲ ကိုကြီး ကြာခိုင်ရဲ့'

'သတ်မှတ်ထားတဲ့ အချိန်ရောက်တာနဲ့ ထီးတော်ရဲ့ အောက်ဆုံးအဆင့် အောက်ဆုံးဘုံကို အရင်တင်ရမယ်။ အဲ့ဒီဘုံဆင့်တင်ပြီးတာနဲ့ အပေါ်က ထီးတင်ပေးတဲ့ လူတွေက 'ဗိတံ မေ'လို့ အသံကုန် ဟစ်အော်ကြရမယ်။ အဲ့ဒီအသံနဲ့အတူ မြေပြင်မှာရှိကြတဲ့ ပရိသတ်အားလုံးက 'အောင်ပြီ အောင်ပြီ အောင်ပြီ'လို့ သုံးကြိမ်သုံးခါ ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာပေးကြရမယ်'

'ဒါဆို ကိုကြီး ကြာခိုင်ရဲ့။ ဘုံတစ်ဆင့်ပြီးတိုင်း အထက်ကအော် အောက်ကအော် အော်ကြရမှာလားဗျ'

'အော်ကြရမှာပေါ့။ ကိုကြီး ကြောင်ရာ။ ဘုံတစ်ဆင့်တင်ပြီးတာနဲ့ စေတီပေါ်က လူတွေက 'ဗိတံ မေ'လို့ ပြိုင်တူသြဘာသံတွေ ပေးကြရသလို မြေပြင်ပေါ်က ပရိသတ်ကြီးကလည်း 'အောင်ပြီ အောင်ပြီ အောင်ပြီ'လို့ သြဘာသံ ပေးကြရမယ်ဗျ'

> 'သတ်မှတ်ထားတဲ့ အချိန်ရောက်တာနဲ့ ထီးတော်ရဲ့ အောက်ဆုံးအဆင့် အောက်ဆုံးဘုံကို အရင်တင်ရမယ်။ အဲ့ဒီဘုံဆင့်တင်ပြီးတာနဲ့ အပေါ်က ထီးတင်ပေးတဲ့ လူတွေက 'ဗိတံ မေ'လို့ အသံကုန် ဟစ်အော်ကြရမယ်။ အဲ့ဒီအသံနဲ့အတူ မြေပြင်မှာရှိကြတဲ့ ပရိသတ် အားလုံးက 'အောင်ပြီ အောင်ပြီ အောင်ပြီ'လို့ သုံးကြိမ်သုံးခါ ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာပေးကြရမယ်'

'စိန်ဖူးတော်တင်ပြီး အောင်အထိ ဒီလိုပဲ 'အောင်' သြဘာသံတွေ ပေးရမှာလား ကိုကြီး ကြာခိုင်ရဲ့'

'ဟုတ်ပ့ါ ကိုကြီး တုတ်ပေါရာ။ တစ်ခုပြီး တစ်ခု ထီးတော်တင်လာခဲ့ရတာက နောက်ဆုံးပိတ် စိန်ဖူးတော်တင်ပြီးတဲ့အခါမှာ စေတီပေါ်ကလူတွေက 'ဗိတံ မေ'လို့ တစ်ကြိမ်အော်လိုက်။ မြေပြင်ပေါ်က ပရိသတ်ကြီးက 'အောင်ပြီ အောင်ပြီ အောင်ပြီ'လို့ 'အောင်' သြဘာသံ ပေးကြတယ်။ ဒုတိယအကြိမ် ဘုရားပေါ်က လူတွေက 'ဗိတံ မေ'လို့ အော်လိုက်တာနဲ့ မြေပြင်ပေါ်က ပရိသတ်ကြီးက 'အောင်ပြီ အောင်ပြီ အောင်ပြီ'လို့ အော်လိုက်ကြပြန်တယ်။ တတိယအကြိမ် ဘုရားပေါ်က လူတွေက 'ဗိတံ မေ'လို့ အော်လိုက်တာနဲ့ မြေပြင်ပေါ်က ပရိသတ်ကြီးက 'အောင်ပြီ အောင်ပြီ အောင်ပြီ'လို့ အော်လိုက်ကြတာနဲ့ တစ်ပြိုင်နက်ထဲ ဘုရားပေါ်က နေပြီး ရွှေမိုး၊ ငွေမိုးတွေ ရွာလိုက်ကြပြီပေါ့ဗျာ'

'ဒါဆိုရင် ထီးတော်တင်မင်္ဂလာ ပြီးသွားတာပေါ့နော် ကိုကြီး ကြာခိုင်ရဲ့၊ တခြားမှတ်စရာများ ရှိသေးလားဗျာ'

'ရှိသေးတာပေါ့ ကိုကြီး ဖိုးမှိုင်းရာ။ စေတီတော်ကြီးက ကြီးလို့ တစ်နေ့ထဲနဲ့ ထီးတင်လို့ မပြီးဘူးဆိုရင်လည်း တစ်ရက်ပြီးမှ တစ်ရက် ဆက်ပြီး ထီးတွေ တင်သွားလို့ရပါတယ်။ စိန်ဖူးတော်ကြီးတင်လို့ မပြီးမချင်း ထီးတော်တစ်ဘုံတင်ပြီးတိုင်း တင်ပြီးတိုင်း အပေါ်က လူတွေက 'ဗိတံ မေ'လို့ အော်လိုက်တာနဲ့ မြေပြင်ပေါ်က လူတွေက 'သာဓု သာဓု သာဓု'လို့ ဝိုင်းပြီး အော်ကြရင်လည်း ရပါတယ်။ စိန်ဖူးတော်တင်ပြီးမှ 'အောင်ပြီ အောင်ပြီ အောင်ပြီ' လို့ အော်ကြရင်လည်း ရပါတယ်။ တစ်နေ့တစ်ခါ ထီးတင်၊ တစ်နေ့တစ်ခါ ရွှေမိုးတွေ ရွာရင်လည်း ရပါတယ်'

'ထီးတော်တင်ပြီးတာနဲ့ ဘာဆက်လုပ်ရဦးမှာလဲ ကိုကြီး ကြာခိုင်ရဲ့'

'ထီးတော်တင်ပြီးတာနဲ့ စောစောက ပင့်ထားတဲ့ သံဃာတော် ကိုးပါးနဲ့ပဲဖြစ်ဖြစ်၊ နောက်ထပ် ပင့်ထားတဲ့ သံဃာတော်များနဲ့ ပေါင်းစပ်ပြီးဖြစ်ဖြစ် စေတီတော်ကို ဝိုင်းပတ်ထိုင်တော်မူကြပြီး 'ဗုဒ္ဓါဘိသေက' မင်္ဂလာလို့ခေါ်တဲ့ အနေကဇာတင် ပွဲတော်ကြီးကို ကျင်းပကြတော့တာပေါ့ဗျာ'

အဘိုးတို့ စကားဝိုင်းသည် ရပ်သွား၏။ အဘိုးတို့ စကားဝိုင်းသည် တန်ဖိုးကြီးလှ၏။ ဘုရားတည်ပုံ၊ ကျောင်းဆောက်ပုံ၊ တိုက်ဆောက်ပုံ၊ အိမ်ဆောက်ပုံတို့ စုံလှ၏။ ဈေးသုံးလည်း မလွယ်နှင့် ရှေးထုံးလည်းမပယ်နှင့်ဟူသော စကားနှင့်လည်း ညီလှ၏။ ထို့ကြောင့် ဘုရားတည်မလား၊ ကျောင်း၊ အိမ်ဆောက်မလား၊ ဒါတွေ ဒါတွေ မှတ်လို့ထားစေချင်ပါ၏။

**မောင်လောက**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Farzi ဇာတ်ကားမှာ ပန်းချီပညာကို မှားယွင်းစွာ အသုံးချပုံကို ရိုက်ကူးထား

အပိုင်းရှစ်ပိုင်းနှင့် ရိုက်ကူးထားပြီး IMDb 8.7 အထိ အားပေးမှုမြင့်မားခဲ့သော Farzi ဇာတ်ကားမှာ ဝါသနာပါသည့် ပန်းချီပညာကို လောဘကြောင့် မှားယွင်းစွာ အသုံးချပုံကို ရိုက်ကူးတင်ဆက်ထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဘိုးဖြစ်သူနှင့် ငယ်စဉ်ကတည်းက နေထိုင်ကြီးပြင်းခဲ့ရသည့် အညတရပန်းချီဆရာလေးမှာ အဘိုးဦးဆောင်သည့် ကရန်တီသတင်းစာတိုက်ကြီးသည် ချေးငွေပြန်မဆပ်နိုင်၍ အရှုံးပေါ်ခဲ့ရာမှ သူငယ်ချင်းနှင့် ပူးပေါင်း၍ စီးပွားရေးအသစ်တစ်ခုစတင်ကာ ပြန်ကယ်တင်ခဲ့ကာ အိန္ဒိယစီးပွားရေးကဏ္ဍကိုပါ ဖောက်ထိုးဖြစ်စေခဲ့သည်။

လောဘကို အတောမသတ်နိုင်၍ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ရင်ဆိုင်ရပုံ၊ သူတတ်သည့် ပန်းချီပညာကို မှားယွင်းစွာ အသုံးချမိ၍ ပြစ်မှုကြီးသွားပုံ ဖြစ်သည်။

(SKY)

## Runseokjin EP Tour တွင် အဖွဲ့ဝင်များ လာရောက်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်) ကင်ဆွတ်ဂျင်၏ တစ်ကိုယ်တော်ဂီတပွဲ Runseokjin EP Tour ကို ဇွန်လကုန်တွင် ကျင်းပခဲ့ရာ အဖွဲ့ဝင်များ လာရောက်အားပေးခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂီတပွဲတွင် ဂျင်က တစ်ကိုယ်တော်ဖျော်ဖြေမှုကျင်းပခဲ့ရာ အဖွဲ့ခေါင်းဆောင် အာရ်အမ်၊ ဗွီနှင့် ဂျေဟုတ်တို့က ပထမနေ့တွင် လာရောက်အားပေးခဲ့ကြသည်။



ခရီးသွားရာမှအပြန် ဂျောင်ကုနှင့် ဂျီမင်တို့ လာရောက်ခဲ့ကြကာ အဖွဲ့ဝင်အကြီးဆုံး ဂျင်၏ စတိတ်ပေါ် ဂျေဟုတ်နှင့် ဂျောင်ကုတို့လည်း အားဖြည့်ပေးခဲ့ကြသည်။

(SKY)

## Blueming ဇာတ်ကားတွင် ရုပ်ရည်ချောမောသူတို့ ကံကြမ္မာကို ပြသထား

ကိုရီးယားဒရာမာကား Blueming တွင် ရုပ်ရည်ချောမော၍ ပြီးပြည့်စုံသည့် သူတို့နှစ်ဦး ဆုံတွေ့ခဲ့ကြရာမှ သူတို့ကံကြမ္မာဖန်တီးမှုကို ပြသထားသည့် ဘီအယ်လ်ကားဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကလေးဘဝမှစတင်၍ ရုပ်ဆိုးသည်ဟု အပြောခံရကာ နောက်ပြောင်ကျီစယ်ခံရသူ လူငယ်လေးက ချောမောလှပအောင် ပြင်ဆင်နေထိုင်ခဲ့၍ ကျောင်းတွင် နာမည်ကြီးခဲ့သည်။

အဆင့်(A)ရသော ချမ်းသာကြွယ်ဝသည့်မိသားစုမှ ဆင်းသက်လာသည့် ရုပ်ရည်ရူပကာပြည့်စုံသည့် လူငယ်လေးနှစ်ဦးတို့ တွေ့ဆုံကြရာမှ သူတို့ကံကြမ္မာဖန်တီးလာမှုကို လှပစွာ ရိုက်ကူးပုံဖော်ထားခြင်း ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းမှာ လူငယ်ထုကြား ခေတ်စားနေသည့် ဘီအယ်လ်အချစ်ကို ပုံဖော်ပြသထားရာ လူငယ်များအကြား ရေပန်းစားခဲ့သည်။

(SKY)

*-*-*-*-*-*-*




## စူပါကွန်ဒတ်တာတွင် ထူးခြားသည့် ကွမ်တမ်ပဲ့တင်သံ တွေ့ရှိ



အမေရိကန်စွမ်းအင်ဝန်ကြီးဌာန၊ အေမ်းအမျိုးသားဓာတ်ခွဲခန်းနှင့် အိုင်အိုဝါပြည်နယ်တက္ကသိုလ်တို့က စူပါကွန်ဒတ်တာပစ္စည်းတစ်မျိုးတွင် ထူးခြားသည့် 'ကွမ်တမ်ပဲ့တင်သံ'ကို မကြာသေးမီက တွေ့ရှိခဲ့သည်။

ယင်းတွေ့ရှိချက်သည် အနာဂတ်ကွမ်တမ်အာရုံခံနှင့် ကွန်ပျူတာစနစ်များတွင် အသုံးပြုနိုင်မည့် ကွမ်တမ်အပြုအမူနှင့် ပတ်သက်၍ နားလည်မှုအသစ်များ ရရှိစေသည်။

စူပါကွန်ဒတ်တာဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ခုခံမှုလုံးဝမရှိဘဲ သယ်ဆောင်ပေးနိုင်သော အထူးပစ္စည်းများဖြစ်သည်။ ဤပစ္စည်းများအတွင်း၌ သိပ္ပံပညာရှင်များသည် 'ဟစ်ဂ်စ်မုဒ်များ' ဟုခေါ်သော စုပေါင်းတုန်ခါမှုများကို လေ့လာနိုင်သည်။

ဟစ်ဂ်စ်မုဒ်သည် ဟစ်ဂ်စ်ဘိုဆွန်၏ အပြုအမူနှင့်ဆင်တူသည့် ပစ္စည်းအတွင်းရှိ အီလက်ထရွန် အလားအလာပြောင်းလဲသည့်အခါ ဖြစ်ပေါ်သည့် ကွမ်တမ်အကျိုးသက်ရောက်မှုတစ်ခုဖြစ်သည်။ ဤမုဒ်များသည် ပစ္စည်းတစ်ခုသည် စူပါကွန်ဒတ်တာအခြေအနေသို့ ကူးပြောင်းနေချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## Allu Arjun ကို Hollywood Reporter India မဂ္ဂဇင်းတွင် ဖော်ပြ

အိန္ဒိယအနုပညာလောက၏ စတိုင်းလ်လစ် အိုင်ကွန်ဟု တင်စားခံရသည့် မင်းသား အာလူးအာဂျွန်ကို Hollywood Reporter India မဂ္ဂဇင်းတွင် The Rule ခေါင်းစဉ်နှင့် ဖော်ပြထားသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် တွေ့ရသည်။

အာလူးအာဂျွန်သည် Pushpa 2 နှင့် အောင်မြင်မှုများ ထပ်မံသိမ်းပိုက်ထားကာ ယင်းမဂ္ဂဇင်း၏ The Rule ခေါင်းစဉ်နှင့် Cover Photo တွင် ဖော်ပြထားသည်။

အိန္ဒိယ၏ ဖက်ရှင်စတိုင်လ်အကျဆုံးအနုပညာရှင်အဖြစ် တင်စားခံထားရသော အာလူးအာဂျွန်၏ ဆွဲဆောင်အားပြင်းသော ဓာတ်ပုံများဝေဆာစွာ ပါရှိထား၍ ပရိသတ်အားပေးထားကြသည်။

အာလူးအာဂျွန်က ရှာရွတ်ခန်၏ Jawan ဒါရိုက်တာ အာတီးနှင့် ဇာတ်ကားသစ်တစ်ကား ရိုက်ကူးရန် ပြင်ဆင်နေပြီ ဖြစ်သည်။

(SKY)




## Brad Pitt အပါအဝင် ဈေးကစားသော သရုပ်ဆောင်များက အနုပညာအသားပေး ပရောဂျက်တွင် ပါဝင်

ဟောလီဝုဒ် နာမည်ကျော်အနုပညာရှင်များသည် အနုပညာသရုပ်ဆောင်ကြေး ပုံသေမယူကြဘဲ ဈေးကစားခြင်း အနုပညာနှင့် အနုပညာအသားပေး ပရောဂျက်တွင် ပါဝင်ခဲ့ကြခြင်းဖြစ်ရာ ပရက်ပစ်လည်း ပါဝင်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ သရုပ်ဆောင်များအနက် အထင်ရှားဆုံးမှာ စတားလက်ကိုပြန်ဆန်ဖြစ်ပြီး သရုပ်ဆောင်ကြေး ဒေါ်လာသန်း ၂၀ ထပ်ဆောင်းခံစားခွင့် သန်း ၄၀အတွက် တစ်ပတ်ကို ဒေါ်လာ ၄၀၀၀ နှင့် နှစ်လအတွက် ဒေါ်လာအနည်းငယ်နှင့် ရိုက်ပေးခဲ့ကာ တွမ်ဟန်စ်ဘရိုင်ယန်ခရိုက်စတုန်း၊ အန်ဒီဘရောဒီ၊ အက်ဒဝပ်နော်သန်၊ မာဂေါရော်ဘီတို့လည်း ပါဝင်ခဲ့ကြသည်။

ကမ်းလှမ်းသည့်ဇာတ်ညွှန်း၊ တွဲချင်သည့် ဒါရိုက်တာနှင့် တွေ့လျှင် အနုပညာကြေးထက် အနုပညာအသားပေးပရောဂျက်များတွင် ပါဝင်ခဲ့ကြရာ လီဒိုနာဗိုဒီကာပရီယို၊ မာတင်စကော့ဆီ၊ဘရက်ပစ်၊ ကလင့်အီဝုစ်၊ ဒယ်နရယ်ဒေးလူးဝစ်၊ ဗင်ရိုးမာတင်ဆန်၊ မီရှယ်ဝီလျံအန်နှင့် ခရစ္စတင်းစတက်ဝပ်စ်တို့လည်း ဈေးကစားသော သရုပ်ဆောင်များတွင် စာရင်းဝင်ခဲ့ကြသည်။

(SKY)

## When Life Gives You Tangerines တွင် သရုပ်ဆောင်ရွေးချယ်မှု ခက်ခဲစွာ ပြုလုပ်ခဲ့ရ

အိုင်ယူနှင့် ပတ်ဘိုဂမ်းတို့ ပါဝင်ထားသည့် When Life Gives You Tangerines တွင် ကလေးသရုပ်ဆောင်ရွေးချယ်မှုကို ခက်ခဲစွာ ပြုလုပ်ခဲ့ရသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်က ရေးသားထားသည့်အတွက် အဓိကအနုပညာရှင်နှစ်ဦးနှင့် ဇာတ်ရန်များကို အငယ်ပုံစံ၊ အကြီးပုံစံ နှစ်မျိုးရွေးရသော်လည်း ကလေးသရုပ်ဆောင်များ အချိတ်အဆက်မိရန် ငါးနှစ်၊ ၁၀ နှစ်၊ ဆယ်ကျော်သက်၊ တက္ကသိုလ်အရွယ် အငယ်တန်းသရုပ်ဆောင် စိစစ်ရွေးချယ်ရာတွင် အယောက်တစ်ရာနီးပါး ရွေးချယ်ခဲ့ရသည်။

ရိုက်ကူးရေးအဖွဲ့ဝင်များအတွက် သရုပ်ဆောင်ရွေးချယ်ရာတွင် ခက်ခဲမှုများစွာနှင့် ကြုံခဲ့ကြရသည်။

(SKY)

# ဂရိနိုင်ငံ၌ တောမီးကြောင့် တတိယအကြီးဆုံးမြို့ ပက်ထရစ်မြို့အကောက်ခွန်ရုံးရှိ မော်တော်ယာဉ် အစီး ၅၅၀ ခန့် မီးလောင်ပျက်စီး

**အေသင် ဩဂုတ် ၁၄**

ဂရိနိုင်ငံတောင်ပိုင်း ပက်လိုပိုနီစ်ကျွန်းဆွယ်တွင် တောမီးလောင်မှုမှာ ဒေသခံများနေထိုင်ရာ လူနေရပ်ကွက်များသို့ ကူးစက်လောင်ကျွမ်းလာသည့်အတွက် နိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် ပက်ထရစ်တွင် ဩဂုတ် ၁၃ ရက်က အစုလိုက်အပြုံလိုက် ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြရန် ဂရိအာဏာပိုင်များက အမိန့်ပေးထားသည်။

သတ်မှတ်ထားသည့် ခိုလှုံရာနေရာများသို့ ဒေသခံများကို ရွှေ့ပြောင်းပေးခဲ့ပြီး ကြိုတင်ကာကွယ်မှုအနေဖြင့် ကလေးဆေးရုံနှင့် ဘိုးဘွားရိပ်သာတို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒေသတွင်းမီဒီယာဖြစ်သည့် အက်ခါသိုင်မီရီနီတွင် ဖော်ပြထားသည်။

မီးသတ်အရင်းအမြစ်များ မလုံလောက်မှုကြောင့် တောမီးပျံ့နှံ့လောင်မှုမှာ အခြေအနေဆိုးရွားခဲ့ကြောင်း မြို့တော်ဝန် ကွန်စတန်တီနိုပလက်တိုက်ဒစ်က ပြောသည်။ ပက်ထရစ်မြို့အကောက်ခွန်ရုံးရှိ မော်တော်ယာဉ် အစီး ၅၅၀ ခန့် မီးလောင်ပျက်စီးခဲ့ရကြောင်း ပဏာမစစ်ဆေးချက်များအရ သိရသည်။

မီးသတ်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗဆဲလစ်ဗာ့သရာဂိုဂျာနစ်က တောမီးငြိမ်းသတ်ရေးအခြေအနေမှာ ခက်ခဲနေဆဲပင်ဖြစ်သည်ဟု ဩဂုတ် ၁၃ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်တောမီး ၄၈ ခု တိုးလာပြီး တောမီး ၃၈ ခုကိုမူ ထိန်းချုပ်နိုင်ခဲ့ပြီဟု ၎င်းက ဆက်လက်ပြောကြားသည်။ လွန်ခဲ့သော နှစ်ရက်အတွင်း တောမီးများသည် ဂရိနိုင်ငံတစ်ဝန်းဟက်တာ ၁၀၀၀၀ ခန့် လောင်ကျွမ်းခဲ့သည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။ **ဆင်ဟွာ**



## အနောက်မြောက်လန်ဒန်မှ ၁၀ နှစ်အရွယ် စစ်တုရင်မယ်လေး အသက်အငယ်ဆုံး အမျိုးသမီး နိုင်ငံတကာမာစတာဘွဲ့ရရှိသူ ဖြစ်လာ

**လန်ဒန် ဩဂုတ် ၁၄**

ဗြိတိန်နိုင်ငံ အနောက်မြောက်လန်ဒန်မှ အသက် ၁၀ နှစ်အရွယ် ဉာဏ်ကြီးရှင်စစ်တုရင်မယ်လေးသည် အမျိုးသမီးနိုင်ငံတကာ မာစတာဘွဲ့ကို ရရှိခဲ့သည့် အသက်အငယ်ဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်လာကြောင်း သိရသည်။

ဟာရိုးမြို့မှ ဗိုဓနာဆီဗာနန်ဒန်သည် ယခုလအစောပိုင်းက ကျင်းပသည့် ၂၀၂၅ ခုနှစ် ဗြိတိသျှစစ်တုရင်ချန်ပီယံပြိုင်ပွဲတွင် စစ်တုရင်ဂရင်းမာစတာကို အနိုင်ယူသည့် အသက်အငယ်ဆုံးအမျိုးသမီးကစားသမားလည်း ဖြစ်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ဟန်ဂေရီ၌ ကျင်းပသည့် စစ်တုရင် အိုလံပစ်ပွဲတော်၌ အင်္ဂလန်အမျိုးသမီးအသင်းအတွက် ရွေးချယ်ခံရချိန်က ဗိုဓနာသည် အားကစားပြိုင်ပွဲတိုင်းတွင် အင်္ဂလန်နိုင်ငံကို ကိုယ်စားပြုခဲ့သည့် အသက်အငယ်ဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။



၎င်း၏ဖခင်ဖြစ်သူ ဆီဗာသည် ၎င်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့သည် အင်ဂျင်နီယာဘွဲ့ရများ ဖြစ်ကြသော်လည်း စစ်တုရင်မကျွမ်းကျင်ကြဘဲ သမီးဖြစ်သူသည် မည်သည့်နေရာမှ ထိုအရည်အချင်းကိုရရှိသည်ကို မသိရှိဟု ယခင်က ပြောကြားခဲ့ဖူးကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## လူသားမျိုးနွယ်ဝင်၏ သွားကျောက်ဖြစ်ရုပ်ကြွင်းများကို အီသီယိုးပီးယားနိုင်ငံတွင် မကြာသေးမီက တူးဖော်တွေ့ရှိ

**အဒစ်အဘာဘာ ဩဂုတ် ၁၄**

သုတေသီများသည် လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၆၅ သန်းခန့်က မျိုးစိတ်အသစ်တစ်ခုဖြစ်သော လူသားမျိုးနွယ်ဝင်၏ သွားကျောက်ဖြစ်ရုပ်ကြွင်းများကို အီသီယိုးပီးယားနိုင်ငံတွင် မကြာသေးမီက တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုမျိုးစိတ်သည် လက်ရှိလူသားများ၏ မျိုးစိတ်ဖြစ်သော ဟိုမိုမျိုးစု၏ အစောဆုံးလူသားမျိုးနွယ်ဝင်များနှင့် တစ်ချိန်တည်း၊ တစ်နေရာတည်းတွင် အတူနေထိုင်ခဲ့ကြသည်ဟု ဆိုသည်။

အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အဖာဒေသ၊ လီဒီ-ဂေရာရူသုတေသနစီမံကိန်းနေရာတွင် သိပ္ပံပညာရှင်များက သွား



၁၀ ချောင်းဖြစ်သော အံသွား ၆ ချောင်း၊ အပေါ်သွား ၂ ချောင်း၊ နွားသွား ၁ ချောင်းနှင့် အစွယ်သွား ၁ ချောင်းကို တွေ့ရှိခဲ့ရာ ၎င်းတို့သည် ဩစတြေးလျပစ်သကပ်မျိုးစိတ်အသစ်မှဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

ယခုအချိန်အထိ မျောက်နှင့်တူသော၊ လူနှင့်တူသော အင်္ဂါရပ်များ ပေါင်းစပ်ပါဝင်သည့် အရေးကြီးသော လူသားဘိုးဘေး ဩစတြေးလျပစ်သကပ်မျိုးစုမှ မျိုးစိတ် ၆ ခုကို အာဖရိကရှိ နေရာအသီးသီးမှ ကျောက်ဖြစ်ရုပ်ကြွင်းများမှ တစ်ဆင့်သိရှိထားပြီးဖြစ်ရာ ယင်းအသစ်တွေ့ရှိရသည့် သွားများတွင် သတ္တမမြောက်မျိုးစိတ်မှဖြစ်ကြောင်း သိရသည်။

**Mon**

## အီစတာကျွန်းရှိ ထင်ရှားသည့် မိုအိုင်ရုပ်တု ၁၅ ခု ရာသီအလိုက် သမုဒ္ဒရာရေလှိုင်းများ ထိမှန်ခံရနိုင်ခြေရှိ

**စန်တီယာဂို ဩဂုတ် ၁၄**

သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် အီစတာကျွန်းရှိ ထင်ရှားကျော်ကြားသည့် မိုအိုင်ရုပ်တု ၁၅ ခုကို အားကောင်းသည့် ရာသီအလိုက် လှိုင်းလုံးများထိမှန်နိုင်ခြေရှိပြီး ယဉ်ကျေးမှုအမွေအနှစ်အတွက် ရာသီဥတုပြောင်းလဲမှုမှ နောက်ဆုံးဖြစ်နိုင်သည့် အန္တရာယ်တစ်ခုအဖြစ် ယဉ်ကျေးမှုအမွေအနှစ်ဂျာနယ်မှ လေ့လာမှုရလဒ်ဖြင့် ယမန်နေ့က တင်ပြခဲ့ကြောင်း သိရသည်။

"ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုက တကယ်ဖြစ်လာနေတာပါ၊ ဒါက အဝေးက ခြိမ်းခြောက်မှုတစ်ခု မဟုတ်ပါဘူး"ဟု ဟာဝိုင်ယီတက္ကသိုလ်၊ မာနိုအာ၏သမုဒ္ဒရာနှင့် ကမ္ဘာ့သိပ္ပံနှင့်နည်းပညာကျောင်းမှ ပါရဂူကျောင်းသားတစ်ဦးဖြစ်သူ ဦးဆောင်သုတေသီ နိုအာပါအိုအာက ရှင်းလင်းပြောကြားသည်။

ထိုဧရိယာရှိ အခြားယဉ်ကျေးမှုနေရာ ၅၀ ခန့်သည်လည်း ရေလွှမ်းမိုးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

ပိုလီနီးရှားရှိ ချီလီပိုင်နက်နှင့် မီးတောင်ကျွန်းဖြစ်ပြီး ၎င်း၏တိုင်းရင်းသားများက ရာပါနူအီဟု သိထားကြသည့် အီစတာကျွန်းမှဖြစ်သော ပါအိုအာနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များသည် ကျွန်း၏အရှေ့ဘက်ကမ်းရိုးတန်းကို တိကျပြတ်သားသည့် "ဒစ်ဂျစ်တယ်ပုံတူ" တစ်ခုကို ဖန်တီးပြီး စူးစမ်းလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## အမေရိကန်ပြည်ထောင်စု အလက်စကားပြည်နယ်မှ ဒေသခံအချို့ စံချိန်တင် ရေခဲမြစ်ရေကြီးမှု ဆိုးရွားလာမည်ကို ပိုမိုစိုးရိမ်နေ

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်ပြည်ထောင်စု အလက်စကားပြည်နယ်မှ ဒေသခံအချို့သည် မန်ဒန်ဟောလ်ရေခဲမြစ်မှ ပိတ်ဆို့ထားသည့် ရေကန်မှ ရေများစီးထွက်လာသဖြင့် ၎င်းတို့၏နေအိမ်များကို စွန့်ခွာနေကြပြီး စံချိန်တင်ရေကြီးမှုဆိုးရွားလာမည်ကို ပိုမိုစိုးရိမ်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမျိုးသားမိုးလေဝသဌာန၏ ဂျူနိုရုံးခွဲက ရေခဲမြစ်ကွဲကြေမှုကြောင့်ဖြစ်သော ရေများသည် မန်ဒန်ဟောလ်မြစ်အတွင်းသို့ စီးဝင်နေပြီး ထိုဒေသရှိနေအိမ်များ



ကို အန္တရာယ်ကျရောက်စေသောကြောင့် ရေကြီးမှုသတိပေးချက်ထုတ်ပြန်ထားသည်။

ဒေသခံအာဏာပိုင်များသည် ပြည်သူများကို ၎င်းတို့၏ နေအိမ်များမှ ရွှေ့ပြောင်းပေးရနိုင်ကြောင်း ရက်များစွာ သတိပေးထားပြီး ရေခဲတံတိုင်းမှ ရေများ စတင်စီးထွက်လာပြီး လာမည့်ရက်များတွင် ရေကြီးနိုင်သည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

**Mon**

# ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး



## ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကံမ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့ မြို့နယ်ခန်းမ၌ ယမန်နေ့ နံနက် ၁၀နာရီက ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအသိပညာပေးဟော ပြောပွဲတွင် ကံမမြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းနိုင်နှင့် မြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်ဇလပ်တို့က ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးနှင့်ပက်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

**မင်းဘူး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်လမ်းအန္တရာယ် ကင်းဝေးစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပညာအလင်းရောင်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။



မင်းဘူးခရိုင် အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ ဒုရဲမှူး ဇော်လင်းသန့်နှင့် ဒုရဲအုပ်ဝေလင်း နိုင်တို့ ဦးဆောင်သည့် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်း တက်၊ ကျောင်းဆင်းချိန်တွင် ယာဉ်၊လမ်းအန္တရာယ်မဖြစ်ပွားစေ ရေးနှင့် သတ်မှတ်စည်းကမ်းချက် များနှင့်အညီ သွားလာစေရေး အတွက် ဆောင်ရန်ရှောင်ရန်များ၊ သတိပေးလမ်းညွှန် ချက်များ၊ တားမြစ်ခြင်း၊ ကန့်သတ်ခြင်း လမ်းညွှန်များ၊မော်တော်ဆိုင်ကယ် မောင်းနှင်သူနှင့် လိုက်ပါစီးနင်း သူများ လိုက်နာရမည့်စည်းကမ်း များကို အသိပညာပေးဟောပြော ခဲ့ပြီးနောက် တက်ရောက်လာ သော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အားလုံးကို ယာဉ်စည်းကမ်း၊လမ်း စည်းကမ်းအသိပညာပေးလက် ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ ကြသည်။

မင်းဘူးခရိုင် အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးအနေ ဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် မြို့နယ် အတွင်းရှိ ကျောင်းသား၊ ကျောင်း သူများ ယာဉ်လမ်းအန္တရာယ် ကင်းဝေးစေရန် အသိပညာပေး ကို ကျန်ရှိသော အခြေခံပညာ ကျောင်းများသို့ အချိန်အပိုင်းမြင့် ကွင်းဆင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၅၀၀)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ခရီးသည်တင်မှန်လုံယာဉ်မှ GUARD RAIL ကို ဝင်ရောက်တိုက်မိရာ အမျိုးသမီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ



**မန္တလေး ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီးတောင်ငူ မြို့နယ်၊ ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး၌ ခရီးသည်တင်မှန်လုံ မော်တော်ယာဉ်မှ GUARD RAIL ကို ဝင်ရောက်တိုက်မိ၍ အမျိုးသမီး ခြောက်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ရက် နံနက် ၅ နာရီ ၁၅မိနစ်က ပဲခူး တိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမ ကြီး၊ မိုင်တိုင်အမှတ် ၁၅၃ မိုင် ၄ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာအမြန် လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင် များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးမှ ရန်ကုန်သို့ ရှမ်း ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ဂုတာရပ်ကွက်နေ ဇော်မင်းလွင် (၄၄)နှစ် မောင်းနှင်ပြီး ယာဉ် ပေါ်တွင် ခရီးသည် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၇ ဦး လိုက်ပါလာသော YGN-8/ 1N- - - - ခရီးသည်တင်မှန်လုံ မော်တော်ယာဉ်သည် လားရာတူ မော်တော်ယာဉ်အား ကျော်တက် စဉ် အရှိန်မထိန်းနိုင်ဘဲ GU-ARD RAIL ကို ဝင်တိုက်ပြီး တိမ်းမှောက်သွားခဲ့သဖြင့် အမျိုး သမီး ခြောက်ဦးတွင် ထိခိုက် ဒဏ်ရာများ အသီးသီးရရှိခဲ့ရာ ဇော်မင်းလွင်အား ဇီးပင်သာအမြန် လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက် ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်က မကွေးတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ် မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင် ရွက်ခဲ့ရာ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့အတွင်း၌ တရားမဝင် မီးသွေးတန် ၃၈ ဒသမ ၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေး ယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရား မဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် မြစ်ငယ် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း ၂၈ မျိုးနှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် BEI-BEL 2538 SZ Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ကိုလည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန် လှောင်ရုံ၌ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထား စီးနင်းသူများအား အရေးယူ

**ဘီလင်း ဩဂုတ် ၁၄**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် အချို့၌ လိုင်စင်မဲ့ မော်တော်ဆိုင် ကယ် လက်ဝယ်ထားစီးနင်းသူ များအား ဖမ်းဆီးအရေးယူထား ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ရက် က ဘီးလင်းမြို့နယ်အတွင်း လိုင် စင်မဲ့ မော်တော်ဆိုင်ကယ် လက် ဝယ်ထားစီးနင်းသူ ကျိုက်ထို မြို့နယ်၊ ဖက္ကလိပ်ကျေးရွာနေ ထွန်းမင်းဦး(၃၂)နှစ်နှင့် ဘီးလင်း မြို့နယ်၊ ကံသာယာရပ်ကွက်နေ မင်းနောင်(၄၆)နှစ်တို့အားလည်း ကောင်း၊ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သထုံ မြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာနေ အေးချမ်းအောင်(ခ)ချမ်း(၂၂)နှစ်၊ နောင်ဘိုကျေးရွာနေ မင်းဇော်ထိုက် (၃၇)နှစ်၊ နန်းခဲရပ်ကွက်နေ ဝင်း လွင်(၃၇)နှစ်နှင့် လိပ်အင်းရပ်ကွက် နေ ဟန်စိန်(၆၃)နှစ်တို့အား အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ပေါင်မြို့နယ် တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ပန်းကုန်း ကျေးရွာနေ ညီညီအောင်(၂၃)နှစ် နှင့် အလုပ်ကျေးရွာနေ ကျော်မျိုး လွင်(၄၁)နှစ်၊ ထန်းပင်ချောင်ကြီး ကျေးရွာနေ လှမင်းသန်း(၁၉)နှစ် တို့အားလည်းကောင်း၊ ကျိုက်ထို မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော် ဆိုင်ကယ် လက်ဝယ်ထားစီးနင်း သူ ကျိုက်ထိုမြို့နယ်၊ ရေကျော် ကျေးရွာနေ မြအေး(ခ)ဖိုးမြ(၂၇) နှစ်အားလည်းကောင်း ဖမ်းဆီးရမိ ခဲ့သဖြင့် ထွန်းမင်းဦး(ပါ-၁၀)ဦး အား သက်ဆိုင်ရာ ရဲစခန်း အသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ဖြင့် အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



## သင်္ဘောပေါ်တွင် ဆိုလာမီးသီးအားသွင်းထားရာမှ ဆိုလာပြားအပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးဒေသဝန်းဆိပ်ကမ်း ဧရာဝတီမြစ်အတွင်းရပ်ထားသည့် ခရီးသည်တင် သင်္ဘောပေါ်၌ အားသွင်းထားသည့် ဆိုလာမီးသီး မှ ဆိုလာပြား အပူလွန်ကဲပြီး ဩဂုတ် ၁၃ရက် မွန်းလွဲ ၂နာရီ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ် ဦးစီးမှူး ဦးကျော်ကိုကို ဦးဆောင် ၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးသည် မီးငြိမ်းသတ်ယာဉ် ရှစ် စီး၊ မီးသတ်ရေသယ်ယာဉ် လေး စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ လူမှု ကူညီရေးအသင်းမှ ရေသယ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်း လွဲ ၃နာရီတွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ခရီးသည် တင်သင်္ဘောပေါ်ရှိ ၁၀ပေ×ခြောက် ပေခန်း နှစ်ခန်း၊ Aircon In-door နှစ်လုံးနှင့် အတွင်းပစ္စည်း များ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ ဦး×××× (၆၂)နှစ်အား ပုသိမ်ကြီးမြို့မ ရဲစခန်းတွင် ဥပဒေနှင့်အညီအရေး ယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၇)**



# နိုင်ငံတကာ အားကစား သတင်းများ

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် နည်းပြချုပ် ဦးကျော်ဒွန်း နှစ်ဦးသဘောတူ လမ်းခွဲ

**လန်ဒန် ဩဂုတ် ၁၄**

ရန်ကုန်ယူနိုက်တက်အသင်းနှင့် နည်းပြချုပ် ဦးကျော်ဒွန်းတို့သည် ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်မှစတင်ကာ နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းပြီး လမ်းခွဲလိုက်ပြီ ဖြစ်သည်။

ဦးကျော်ဒွန်းသည် ပြီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ် ၂၀၂၄-၂၅ ခုနှစ်မှစတင်ကာ နည်းပြချုပ်အဖြစ် ပြန်လည်ကိုင်တွယ်ခဲ့ပြီး



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအပြီး အဆင့် (၂)နေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ၂၀၂၅ မြန်မာနေရှင်နယ်လိဂ်ဖလားချန်ပီယံဆုကြီးကို ရန်ကုန်ယူနိုက်တက်အသင်းအတွက် ရယူပေးနိုင်ခဲ့သည့် နည်းပြလည်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းနှင့်အတူ လက်တွဲပြီး အောင်မြင်မှုများရရှိအောင် ကြိုးစားပေးခဲ့မှုများအတွက် အသင်းအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်မည့် အနာဂတ်တွင်လည်း အောင်မြင်မှုများ ရရှိနိုင်ပါစေကြောင်း ရန်ကုန်ယူနိုက်တက်အသင်းမှ ဆုမွန်ကောင်း တောင်းပေးခဲ့သည်။ (ဝဲပုံ)

(NGB)

## လိဒ်စ်အသင်း ကယ်လ်ဗတ်လီဝင်အား ခေါ်ယူရန် သဘောတူညီ

**လန်ဒန် ဩဂုတ် ၁၄**

လိဒ်စ်အသင်းသည် အဲဗာတန် အသင်း တိုက်စစ်မှူးဟောင်း ကယ်လ်ဗတ်လီဝင်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုရက်ပိုင်းအတွင်း လိဒ်စ်အသင်းသို့ လာရောက်ပူးပေါင်းကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ကယ်လ်ဗတ်လီဝင်သည် ကစားသမားဘဝတစ်လျှောက်တွင် အဲဗာတန်၊ ရှက်ဖီးလ်ယူနိုက်တက်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လိဒ်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ (အောက်ပုံ)

လိဒ်စ်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။ (NGB)





## ဥရောပ ယူအီးအက်ဖ်အေ စူပါဖလားချန်ပီယံဆုအား ပီအက်စ်ဂျီအသင်း ဆွတ်ခူး

**ပါရီ ဩဂုတ် ၁၄**

ဥရောပယူအီးအက်ဖ်အေ စူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက စပါးအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက် တန်တန် ဆွတ်ခူးခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီ အသင်းနှင့် စပါးအသင်းတို့သည် အချိန်ပိုအထိ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ကာ ပင်နယ်တီအဆုံးအဖြတ်တွင် ပီအက်စ်ဂျီအသင်းက စပါးအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ (အပေါ်ပုံ)

ပီအက်စ်ဂျီအသင်းသည် ဥရောပယူအီးအက်ဖ်အေ စူပါဖလား ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး၊ ယခုဆုရရှိသည့် ပထမဆုံးပြင်သစ်ကလပ်အသင်းအဖြစ်လည်း မှတ်တမ်း ဝင်ခဲ့သည်။ (NGB)

## အယ်လန်စိန့်မက်ဆီမန်အား ကလပ်အမေရိကအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၄**

မက္ကဆီကိုကလပ်အသင်းဖြစ်သည့် ကလပ်အမေရိကအသင်းသည် အယ်လ်အာလီအသင်း တောင်ပံတိုက်စစ်ကစားသမား အယ်လန်စိန့်မက်ဆီမန်အား ပြောင်းရွှေ့ကြေး ယူရို ၁၀ ဒသမ သုံးသန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံတိုက်စစ်ကစားသမားသည် ကလပ် အမေရိက အသင်းနှင့်အတူ ၂နှစ်+၁နှစ် စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံတိုက်စစ်ကစားသမား အယ်လန်စိန့်မက်ဆီမန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အယ်လ်အာလီအသင်းမှ ဖီနာဘာချီအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၃၁ ပွဲကစားကာ လေးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကလပ်အမေရိကအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ (NGB)

## ကိုမိုအသင်းတွင် မိုရာတာ ကျောနံပါတ်(၇) ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် ဩဂုတ် ၁၄**

တိုက်စစ်မှူးသစ် မိုရာတာသည် ကိုမိုအသင်းတွင် ကျောနံပါတ်(၇) ဂျာစီအား ဝတ်ဆင်ကစားမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းမှ ကိုမိုအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။ (ယာပုံ)

တိုက်စစ်မှူး မိုရာတာသည် အေစီမီလန်အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၅ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ကိုမိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ မိုရာတာက "ကျွန်တော် ကိုမိုအသင်းမှာ ကျောနံပါတ်(၇)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ လာမည့်ဘောလုံးရာသီမှာ ဒီအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)




## ဘုန်းမောက်အသင်း ဒီယာခီတီအား ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၄**

ပရီးမီးယားလိဂ်ကလပ်မှ ဘုန်းမောက်အသင်းသည် လိုင်လီအသင်းနောက်ခံကစားသမား ဒီယာခီတီအား ပြောင်းရွှေ့ကြေး ယူရို ၃၅သန်း + အပိုဆုကြေး ယူရိုငါးသန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက် အသင်းတွင် ကျောနံပါတ်(၁၈)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဒီယာခီတီသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၁၀ကစားကာ ၁၃ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ)(NGB)

## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Andrey Rublev တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်ကစားသမား Andrey Rublev တက်ရောက်ခဲ့သည်။



အဆိုပါ ရုရှားတင်းနစ်ကစားသမား Andrey Rublev သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Comesana ကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublev နှင့် စပိန်တင်းနစ်ကစားသမား Carlos Alcaraz တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

* * * * *

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၆-၈-၂၀၂၅ စနေနေ့ | နံနက်ထ၁း၃၀နာရီ | လီဗာပူး - ဘုန်းမောက် (L,W,W,W,L) (W,L,L,D,D) | လီဗာပူး ၃-၀ ဘုန်းမောက်<br>ဘုန်းမောက် ၀-၂ လီဗာပူး |

### ပြင်သစ် လီဂူး အမှတ်ပေး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၆-၈-၂၀၂၅ စနေနေ့ | နံနက်ထ၁း၃၀နာရီ | ရင်းနက်စ် - မာဆေး (L,W,D,D,D) (D,W,D,D,W) | ရင်းနက်စ် ၁-၂ မာဆေး<br>မာဆေး ၄-၂ ရင်းနက်စ် |

### စပိန်လာလီဂါ အမှတ်ပေး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၈-၂၀၂၅ သောကြာနေ့ | ညသန်း၃၀နာရီ | ဂျီရိုနာ - ဝယ်လက်ကာနို (D,L,W,W,L) (D,D,W,L,W) | ဂျီရိုနာ ၀-၀ ဝယ်လက်ကာနို<br>ဝယ်လက်ကာနို ၂-၁ ဂျီရိုနာ |
| ၁၆-၈-၂၀၂၅ စနေနေ့ | နံနက်၀၂း၀၀နာရီ | ဗီလာရီးရဲလ် - အိုဗီအေဒို (L,D,D,W,L) (D,D,W,L,D) | ဗီလာရီးရဲလ် ၁-၀ အိုဗီအေဒို<br>အိုဗီအေဒို ၁-၃ ဗီလာရီးရဲလ် |

### အာဆီယံ ကလပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (ဒုတိယအကျော့) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|
| ၁၅-၈-၂၀၂၅ သောကြာနေ့ | ညနေ၆း၀၀နာရီ | ရှမ်းယူနိုက်တက်(မြန်မာ) - အက်ဇရာ(လာအို) | အက်ဇရာ ၁-၂ ရှမ်း |

# မကွေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ အစည်းအဝေးပြုလုပ်

**မကွေး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီအတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်သူဇာက ဆွေးနွေးပြောကြားသည်။



ဆက်လက်၍တက်ရောက်လာသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကော်မတီဝင်များက အမျိုးသမီးအကြမ်းဖက်မှုဆိုင်ရာ ဆောင်ရွက်နေသောလုပ်ငန်းစဉ်များအကြောင်း၊ အမျိုးသမီးဆိုင်ရာ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းစဉ်များနှင့် အမျိုးသမီးများနှင့် မီဒီယာကဏ္ဍ ဆောင်ရွက်နေမှု အခြေအနေများအကြောင်း စသည့်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မောင်စိုင်မင်း(ပြန်ဆက်)**



# တက္ကသိုလ်ဘုန်းနိုင်၏ တပြည်သူမရှေ့ထား စာအုပ်အား စာဖတ်ဝိုင်း ပြုလုပ်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု (Community Center) ခန်းမတွင် ဩဂုတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီက စာရေးဆရာပြည့်ဆွေ (နတ္တလင်း)၏ စာအုပ်လှူဒါန်းပွဲအပြီးတွင် စာရေးဆရာများနှင့် စာပေချစ်သူများ ပူးပေါင်း၍ တက္ကသိုလ် ဘုန်းနိုင် ရေးသားထားသော တပြည်သူ မရှေ့ထား စာအုပ်ကို စာဖတ်ဝိုင်း ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို အမရပူရ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာပြည့်ဖြိုးသီနှင့်စာရေးဆရာဝေမင်းသန့်(မန်ကျည်းဗုဒ်) တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ တက်ရောက်လာသော စာရေးဆရာများနှင့်စာပေချစ်သူများက တက္ကသိုလ်ဘုန်းနိုင်၏ စာပေအရေးအသား၊ အနှစ်သာရများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **(ဝ၈၄)**

# မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိရေး ဖျောက်ဆိပ်ကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းခင်း

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖျောက်ဆိပ်ပင်ကျေးရွာ အဝင်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးလျက်ရှိရာ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာအဝင်လမ်းသည် ကျောက်ဆည်-စက်မှုဇုန် ခရိုင်ချင်းဆက်လမ်းနှင့် ဆက်သွယ်ထားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် ကဏ္ဍမျိုးစုံ အသုံးပြုလျက်ရှိရာ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ ဒသမ ၀၉ သန်း အကုန်ကျခံကာ winner myanmar ကုမ္ပဏီမှ (၂ လက်မ×၄လက်မ) ကျောက်များဖြင့် ထု ခြောက်လက်မ၊ အကျယ် ၁၄ ပေ ကျောက်သားထုခင်းပြီး ၄င်း ကျောက်သားလမ်းပေါ်တွင် အကျယ် ၁၂ ပေ၊ ထု ခုနစ်လက်မ ကွန်ကရစ်လမ်းဖြစ်ပြီး လမ်းရေရှည်တည်တံ့ရေးနှင့် အရည်အသွေး ပြည့်မီရေးအတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ဖျောက်ဆိပ်ပင်ကျေးရွာမှ အိမ်ခြေ ၁၀၀၇ အိမ်၊ လူဦးရေ ၆၅၉၈ ဦးတို့၏ လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် အခြားကျေးရွာပြည်သူများနှင့် ဆက်သွယ်ရာ၌ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(၄၈၅)



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဉာဏ်ရည်မြင့်မားစေရန်အတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားရာတွင် လူငယ်များ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာဗဟုသုတအကြောင်းအရာများကို ပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်ရေးရာဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး ကျောင်းသားလူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဉာဏ်ရည်မြင့်မားစေရန်အတွက် လူငယ်နှင့်ပတ်သက်သည့်အကြောင်းအရာများ၊ လူငယ်များ၏ဘဝကို ဖျက်ဆီးစေနိုင်သည့် မူးယစ်ဆေးဝါးများအကြောင်းနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကို ထိခိုက်စေနိုင်သည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများသည် ဟောပြောခဲ့သည့်အကြောင်းအရာများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားခဲ့ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များ စာအုပ်စာပေများကို ရင်းနှီးကျွမ်းဝင်စေရန်နှင့် အသိပညာဗဟုသုတများ ပြည့်ဝစေရန်အတွက် သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသခဲ့ပြီး လူငယ်များ၏ ဘဝတက်လမ်းကို ဖျက်ဆီးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် လူငယ်များ၏ပညာရေးကို ထိခိုက်စေသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# အခြေခံသမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါစိုက်ခင်း အခြေအနေများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



**သာစည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ အခြေခံသမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါစိုက်ခင်း အခြေအနေများနှင့် ဝါဆွတ်ခူးနေမှု အခြေအနေများအား ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။ (ဝဲပုံ)

ထိုသို့ ကွင်းဆင်းရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီဝင်း၊ တာဝန်ကျအဖွဲ့နှင့် မြို့နယ်အသင်းစု ဥက္ကဋ္ဌတို့က ဇီးပင်ပေါက်ကျေးရွာ အောင်ရတနာ-၃ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသား တောင်သူများ စိုက်ပျိုးထားသော မိုးကြိုဝါမျိုး RAKA-666 နှင့် TBL-195 စိုက်ဧက ၃၃ ဧကကို လှည့်လည် ကြည့်ရှုပြီး ဝါဆွတ်ခူးနေသော အသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ ဝါထွက်ရှိမှု အခြေအနေများကို မေးမြန်းရာ တောင်သူများက အကြိမ်ရေ ရှစ်ကြိမ်ခူးဆွတ်ပြီး ပိဿာချိန် ၄၅၀ ထွက်ရှိကြောင်းနှင့် ကျန်ရှိနေသည်များအား ဆက်လက်ခူးဆွတ်ပြီးပါက ပန်းတိုင်အထွက်နှုန်းရရှိနိုင်သည်။

ထို့နောက် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ထွက်ရှိလာသည့် ဝါများ ဈေးကောင်းရရှိရန် ဝါဝယ်ယူသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

သာစည်မြို့နယ်တွင် သမဝါယမဦးစီးဌာနမှ ကြီးကြပ်လျက် အခြေခံသမဝါယမအသင်း သုံးသင်းမှ အသင်းသား တောင်သူ ၄၃ ဦးက မိုးကြိုဝါမျိုး RAKA-666 နှင့် TBL-195 တို့ကို ၁၃၇ ဧကစိုက်ပျိုးထားကြောင်း သိရသည်။ (၄၈၇)

သန့်ရှင်းသာယာ
မန္တလာ
ဝိုင်းဝန်းထိန်းသိမ်းပါ။



## ကျောင်းသား၊ ကျောင်းသူများအား နွားနို့များ တိုက်ကျွေး

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်း (School Milk Programme)ကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမရပူရမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ပြုလုပ်သည်။

(အပေါ်ပုံ)

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးဒေါက်တာသန်းအေး၊ ခရိုင်ဦးစီးဌာနမှူးဒေါက်တာသူဇာမြင့်နှင့် တာဝန်ရှိသူများက အမရပူရမြို့နယ်၊ လက်သမားကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်နှင့် ဈေးချိုအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ကျော်တို့အား နွားနို့တိုက်ကျွေးခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သဘာဝတောင်တန်းနို့ထွက်ပစ္စည်း ထုတ်လုပ်ရေးတို့က ပူးပေါင်းတိုက်ကျွေးခဲ့ကြရာ လိုအပ်သည်များကို ကျောင်းတာဝန်ရှိသူများက ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

## ပြင်ဦးလွင်မြို့နယ်အတွင်း ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြင်ဦးလွင် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆင်လမ်း-ဆင်ဖြူ အင်း-အုတ်ဖိုကျေးရွာချင်းဆက် လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးလှိုင်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



(အောက်ဝဲပုံ)

အဆိုပါလမ်းကို အဆင့်မြင့်တင် ဆောင်ရွက်ခြင်းဖြင့် အကျိုးပြုကျေးရွာသုံးရွာ၊ အိမ်ခြေ ၁၄၇၄ အိမ်၊ လူဦးရေ ၈၂၁၁ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ကူးသန်းရောင်းဝယ်ရေးတို့တွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သွေးသွေး

ခရိုင်(ပြန်/ဆက်)

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

ကျောင်းသားလူငယ်များ ဗဟုသုတနှင့် ပြည့်စုံစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၉နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝေလျှံဖြိုးက လူငယ်များ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသိပညာဗဟုသုတများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်ရေးရာဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း ပြောကြားခဲ့သည်။

ဟောပြောပွဲတွင် လူငယ်များ၏ဘဝကို ဖျက်ဆီးစေနိုင်သည့် မူးယစ်ဆေးဝါးများအကြောင်းနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်/ဆက်ဌာနမှ ဦးစီးအရာရှိက ပြန်လည်ဖြေကြားခဲ့ကာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲသို့ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့မောင်

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် အခြေခံတရုတ်စကားပြောသင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် ယမန်နေ့ မွန်းတည့် ၁၂နာရီက တိုင်းရင်းဆေးတက္ကသိုလ်နှင့် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း (FITC)တို့ပူးပေါင်း၍ အခြေခံတရုတ်စကားပြောသင်တန်းဖွင့်ပွဲကို ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ မန္တလေးမြို့ တရုတ်ဘုံကျောင်းများမှ ဥက္ကဋ္ဌများ၊ မော်ကွန်းထိန်းနှင့် ကထိက၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပါမောက္ခချုပ်က အင်္ဂလိပ်စကား၊ တရုတ်စကားသည် နိုင်ငံတကာသုံးဘာသာစကားများ တတ်မြောက်ထားခြင်းဖြင့် မိမိတို့ တိုင်းရင်းဆေးပညာကို ပိုမိုနက်ရှိုင်းစွာ လေ့လာနိုင်သလို တရုတ်နိုင်ငံတွင် ဘွဲ့လွန်သင်တန်းများ ဆက်လက်သင်ယူနိုင်ကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် FITC ကျောင်း၏ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဒေါက်တာဆက်တီက တိုင်းရင်းဆေးတက္ကသိုလ်နှင့် ၄င်းတို့ကျောင်း ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး သင်တန်း ဆရာမ ဒေါ်စန်းစန်းဝင်းက သင်တန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၃၇ ဦး တက်ရောက်ကြပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေတို့တွင် ဖွင့်လှစ်က အောက်တိုဘာလလယ် အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၇ဝ)




## ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဩဂုတ် ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ (မြို့ပြ)နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



အဆိုပါ ကျေးရွာအဝင်လမ်း ကတ္တရာလမ်းမှာ အရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိပြီး ပြည်ထောင်စု (ငွေလုံး ငွေရင်း) ရန်ပုံငွေကျပ် ၁၂၀ ဒသမ ၂၅သန်းဖြင့် ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းငှားရမ်းပေး

**ကာလိ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများသည် (Mobile Library) စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေးခြင်းကို ယမန်နေ့ ညနေက အ.လ.က(ခွဲ)ကျိုင်းလွန်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် စာကြည့်တိုက်သို့ လာရောက်ရန် အခက်အခဲရှိသည့် စာဖတ်ပရိသတ်များ စာပေဖတ်ရှုလေ့လာစေရန် ရည်ရွယ်၍ လှည့်လည်ငှားရမ်းပေးခြင်းဖြစ်၍ ငှားရမ်းထားသည့် စာအုပ်များ ပြန်လည်လက်ခံခြင်း၊ အသစ်ပြန်လည်ငှားရမ်းသည့်စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အနေဖြင့် စာအုပ်၊ စာစောင်ငှားရမ်းသူ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်း၊ ထိုသို့ စာအုပ်များ ငှားရမ်းပေးရာတွင် မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများ ရရှိသည့် သုတ၊ ရသစာအုပ်၊ စာစောင်များ အုပ်ရေ ၇၀ အုပ် ငှားရမ်းပေးခဲ့ပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိညာပေးဟောပြော

**ညောင်ရွှေ ဩဂုတ် ၁၄**

ကျောင်းသားလူငယ်လေးများအား သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတတ်စေရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်စေရန်အတွက် တောင်ကြီးခရိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းပုလဲခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်လဲ့လဲ့မွန်က သဘာဝပတ်ဝန်းကျင်နှင့် ပလတ်စတစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများ မေးမြန်း၍ အဖြေမှန်ရရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်ဌေးက ဆရာ၊ ဆရာမများနှင့် ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

ဆက်လက်၍ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံအတွင်း မီးခိုးမြူငွေ့အန္တရာယ်ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်ခေါင်းစဉ်ဖြင့် ဦးစီးအရာရှိ ဦးစိန်မောင်ဌေးက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မြို့သစ် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ သစ်ပင်ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေး၊ စာသင်ကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိုးရာသီကာလတွင် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် ဈေးနှင့်ကျောင်းပတ်ဝန်းကျင်ရှိ ခြင်ခိုအောင်းနိုင်သောနေရာများ၊ ရေတင်ကျန်နိုင်သော ဘူး၊ ခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေတိုင်ကီ၊ ကျောက်စည်ပိုင်း၊ အုတ်ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းအိစွန်(ပြန်/ဆက်)



# ကန်သာအေး-အောင်သာလမ်းမြေသားတင် ဂျင်းခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကန်သာအေး-အောင်သာလမ်းဌာနမှ စက်ယန္တရားသုံး၍ မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများသည် ဩဂုတ် ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၁၀၄ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရှည် ၁/၂ မိုင်၊ အကျယ် ၁၈ ပေ၊ ထု ၂ပေ ၄လက်မရှိ ကန်သာအေး-အောင်သာလမ်းကို ဌာနမှ စက်ယန္တရားသုံး၍ မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၆၉)



# မိုးစပါးလက်စွဲမျိုးစေ့ချကိရိယာ(Drum Seeder) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြစ်သား ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ဒေသခံတောင်သူများအား လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှု ပြဿနာဖြေရှင်းနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မိုးစပါးလက်စွဲမျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက လမ်းခွကျေးရွာအုပ်စု၊ လမ်းခွကျေးရွာ၊ ကွင်းအမှတ်၄၇၀၊ ဦးပိုင်အမှတ်(၃၅/၁)ရှိ ဒေသခံတောင်သူ ဦးဟိန်းထက်၏ လယ်မြေနှစ်ဧကတွင် မနောသုခ စပါးမျိုးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်းက မိုးစပါးလက်စွဲမျိုးစေ့ချကိရိယာ (Drum Seeder) စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်ပြည့်မီခြင်း၊ ပျိုးနုတ်ရန် မလိုခြင်းကြောင့် ပျိုးပင်ထိခိုက်မှု သက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က မျိုးစေ့ချကိရိယာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝါဝါမြင့် (မြစ်သား)





## စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ပြုလုပ်

**စဉ့်ကိုင် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအကြောင်း အသိပညာပေး ဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်တို့က စွန့်ပစ်ပစ္စည်းအမျိုးအစားများ၊ စွန့်ပစ်ပစ္စည်းထွက်ရှိသည့် အဓိကအရင်းအမြစ်နေရာများ၊ အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ စနစ်တကျ အမှိုက်မစွန့်ပစ်ခြင်း၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်များ စသည့် အကြောင်းအရာများကို အကျယ်တဝံ့ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၃၉၉)**



## အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ညောင်ဦး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၌ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရန် ရည်ရွယ်ပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်းက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ဇင်ဇင်ခိုင်တို့က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အကြောင်းအရာများကိုလည်းကောင်း၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သူဇာစိုးက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးခြင်းတို့ကိုလည်းကောင်း အသီးသီး ပညာပေး ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေမည့် စာအုပ်၊ စာစောင်များ ဖတ်ရှုစေခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ် စာစောင်၊ လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၁)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဝါခေါင်လနဲ့ ပျိုမေအလှ

* လေညင်းသယ် မိုးဖွေးဖွေးရယ်က
ပုလဲအသွေး သွန်းရွာစီ ။

* သစ်ပင်တောတောင် ဆွတ်ကာဖျန်း
စိမ်းလန်းဝေစည် ။

* မိုးစပါးတို့ စိုက်ပျိုးမည်
တောင်သူသည် မျှော်တမ်းလင့် ။

* ကောက်ပဲသီးနှံ ပေါ်ကြွယ်ဝပါတဲ့
အေးမြပြည်တင့် ။

* ချိန်ခါရည် ခတ္တာပွင့်ရယ်က
ရောင်လွှာဝင့် ယှက်သန်းဆင် ။

* မွှေးရနံ့တို့ လွှမ်းခြုံကူး
ရှင်းသန့်မြူးရွှင် ။

* ပျိုမေတို့ ပန်ဆင်ယင်
လှဖြာယဉ် ကြည့်မြင်မဆုံး ။

* ပန်းချီဆရာ စုတ်ချက်ပြေပါလည်း
တုပြိုင်လို့ရှုံး ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## ပြည်ကြီးတံခွန်မြို့နယ် အ•ထ•က(ခွဲ)လ-၂၅ ကျောင်းတွင် လူငယ်စကားဝိုင်း ပြုလုပ်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ•ထ•က (ခွဲ)လ-၂၅ကျောင်းခန်းမ၌ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉နာရီခွဲက ပြုလုပ်သည်။

ရှေးဦးစွာ စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အ•ထ•က (ခွဲ)လ-၂၅ကျောင်းမှ Grade-10 ကျောင်းသား မောင်ပြည့်ဘုန်းကြွယ်က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မအိမ့်ကြည်ဖြူခိုင်က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသား မောင်မြတ်မင်းငြိမ်းက လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း မေးမြန်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**



## ပုသိမ်ကြီးမြို့ (Community Centre) ခန်းမ၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၁၄**

မန္တလေးမြို့ စာရေးဆရာကြီးများမှ ဦးဆောင်၍ စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကို ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဩဂုတ် ၁၃ ရက် မွန်းတည့် ၁၂နာရီက ပြုလုပ်ခဲ့သည်။



စာရေးဆရာ ဒေါက်တာ ခွန်စိုးမိုး ရေးသားသည့် "နှလုံးရောဂါနှင့် လေဖြတ်ခြင်းမဖြစ်စေရ" လူသားများ၏ ကျန်းမာရေးနှင့် ပတ်သက်သည့် စာအုပ်တစ်အုပ်ဖြစ်ပြီး ပြည်သူများအနေဖြင့် ဖတ်ရှုလေ့လာသင့်သည့် စာအုပ်ကောင်း တစ်အုပ်ပင်ဖြစ်သည်။ အဆိုပါ စာအုပ်များအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၊ မြို့မအလင်းရောင် စာကြည့်တိုက်၊ ဘဝအသိ စာကြည့်တိုက်တို့အား ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇင်မင်းထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)နှင့် အဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း၊ ဆရာမ ဒေါ်နုနုကြည်(အမေ့အိမ်)ကိုယ်စား လာရောက်လှူဒါန်းကြသည့် စာရေးဆရာကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၉၅)**



## (၁၂၉)ကြိမ်မြောက် မလွန်ဈေးဆန်လှူအသင်း ဆွမ်းဆန်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးမှ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်များအား ဆွမ်းဆန်တော်လောင်းလှူပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကင်းတောင်ခြေ၊ သရက်တောကျောင်းတိုက်အတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကြပြီး မလွန်ဈေးဆန်လှူအသင်းဥက္ကဋ္ဌ ဦးစိန်မင်းနှင့် အဖွဲ့ဝင်များက ပင့်သံဃာ သက်တော်ရှည် ဆရာတော်ကြီး ၁၁ ပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး နှမ်းကဲ့ကျေးရွာ ဇေတဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဥက္ကာသေနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ရေစက်ချအမျှဝေကြသည်။



ထို့နောက် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရဟန်း ၃၀၆၇ ပါး၊ သာမဏေ ၃၄၀၄ ပါး၊ သူတော် ငါးပါး၊ သီလရှင် ၁၄၇၁ ပါး၊ စုစုပေါင်း ၇၉၄၇ ပါးကို တစ်ပါးလျှင် ဆွမ်းဆန်လေးပြည်စီဖြင့် စုစုပေါင်း ရှစ်ပြည်ဝင် ဆွမ်းဆန်ခွဲအိတ် ၃၉၇၃ အိတ်နှင့်တစ်စိတ်၊ ဘွဲ့ထူး၊ ဂုဏ်ထူးရ ရဟန်း၊ သီလရှင်များမှ ဘွဲ့ပေါင်း ၁၆၈ ဘွဲ့အား ၂၅၀၀၀ စီဖြင့် ၄၂၀၀၀၀၀၊ သက်တော်ရှည် ဆရာတော်ကြီး ၁၁ ပါးအား တစ်ပါးလျှင် ငွေကျပ်တစ်သိန်းစီ လှူဒါန်းကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ) (၀၉၁)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မောင်အောင်ဝေဖြိုး(စီဝိတဒါနသံဃာ့ဆေးရုံကြီး-လုံခြုံရေး) + မမေစင်အေး (City Hospital Nursing Department)တို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအောင်နိုင်စိုးမှ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရအကြောင်းနှင့် ဗီတာမင်ဘီဝမ်းအကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်မှစ၍ အာဟာရရှိသော အစားအစာများအား ရွေးချယ်စားသုံးသင့်ကြောင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း၊ သန်ဓာတ်အာဟာရ ဗီတာမင်အေနှင့် မိခင်နို့တိုက်ကျွေးရေး အကျိုးကျေးဇူးများ၊ အသက်နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား သန်ချဆေး တိုက်ကျွေးရပုံအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။



ဆက်လက်၍ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ကြက်ဥ၊ ငှက်ပျောသီး၊ အိုင်အိုဒင်းဆားများ၊ ကိုယ်ဝန်ဆောင်အားဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးငယ်များအား ဗီတာမင်အေ ဆေးများ တိုက်ကျွေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**

## ငလျင်ဘေးသင့်ပြည်သူများအား တနင်္လာနေ့မှ သောကြာနေ့အထိ အထွေထွေရောဂါများ အခမဲ့စစ်ဆေး၍ ကျန်းမာရေးစောင့်ရှောက်ပေး

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊၇၃လမ်းရှိ KBZ Center Mandalay တွင် ငလျင်ဘေးသင့်ပြည်သူများအား အထွေထွေရောဂါကုသမှုအစီအစဉ်များကို နေ့စဉ် (တနင်္လာနေ့မှ သောကြာနေ့)အထိ နံနက် ၉နာရီခွဲမှ ညနေ ၅နာရီအထိ အခမဲ့ကျန်းမာရေးစစ်ဆေး၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

KBZ Center Mandalay အနေဖြင့် ငလျင်ဘေးသင့်ပြည်သူများအား အထွေထွေရောဂါများ အခမဲ့ကုသကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည့်အပြင် Ultrasound အခမဲ့ရိုက်ကူးပေးသည့်အစီအစဉ်ကို တိုးချဲ့ထားပြီး Ultrasound အခမဲ့ရိုက်ကူးမှုအစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့များတွင် ကျွမ်းကျင်ဆရာဝန်များက ဆောင်ရွက်ပေးသည်။ **(အောက်ဝဲပုံ)**



အခမဲ့ အထွေထွေရောဂါကျန်းမာရေးကုသမှုနှင့် Ultrasound ရိုက်ကူးမှုဆောင်ရွက်လိုသူများအနေဖြင့် KBZ Centre Mandalay ဖုန်း ၀၉-၉၄၁၆၀၀၉၉၉နှင့် Ooredoo ဖုန်းကိုင်ဆောင်သူများအတွက် Short coad-1010 မှ တစ်ဆင့် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအတွင်း တစ်ရက်ကြိုတင်စာရင်း ပေးသွင်းနိုင်ပြီး တနင်္လာနေ့ ပြသလိုသူများအနေဖြင့် သောကြာနေ့တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၀၄၅)

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ပိုလီယိုဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ငွေများ ပေးအပ်

**တာချီလိတ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးရာပါ ပိုလီယိုဝေဒနာရှင်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လစဉ်ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေး ဦးဆောင်သည့် အဖွဲ့ဝင်များက ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စောင့်ရှောက်ပေးမှုများကို ကြည့်ရှုအားပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဓာတ်စာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

(အောက်ပုံ)

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရှိ သားဖွားခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မွေးရာပါ ပိုလီယိုဝေဒနာရှင်နှစ်ဦး၏ နေအိမ်သို့ သွားရောက်၍ လစဉ်ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ၊ ကြက်ဥ စသည့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စေယျာလင်း(ပြန်/ဆက်)**

*-*-*-*-*



## သီးနှံအလိုက် စံပြစိုက်ခင်း စိုက်ပျိုးထားသောတောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရှာင် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော သီးနှံအလိုက် စံပြစိုက်ခင်းများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ရွာငံမြို့နယ်သည် ဆန်၊ ဆီ ဖူလုံမှုကဒေသတစ်ခုအတွက် အလွန်အရေးကြီးသောကြောင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေတဲ့ စိုက်ပျိုးပုံစံစနစ်များကို လိုက်ပါဆောင်ရွက်ပြီး သွင်းအားစုနှင့် ထောက်ပံ့ပစ္စည်းများအား စနစ်တကျအသုံးပြုကာ ပန်းတိုင်အထွက်နှုန်းရရှိရေးကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရန် စသည်များကို အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးသန့်က စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသော တောင်သူများက သိလိုသည်များကို မေးမြန်းပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပုလဲဓာတ်မြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ရွှေရင်အေးစပါးမျိုးစေ့၊ နေကြာမျိုးစေ့များနှင့် မျိုးစေ့ချက်ကိရိယာများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများအား အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (၃၃၈)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၃၆)၊ ဦးပိုင်နံပါတ်(၉၆+ ၉၇+ ၉၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅+ ၀ ဒသမ ၀၂၇၅+ ၀ ဒသမ ၀၂၇၅)ဧကအကျယ်အဝန်းရှိ ဦးကိုကိုဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များထဲမှ ဦးပိုင်နံပါတ်(၉၇+ ၉၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅+ ၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လောကြူ(ဘ)ဦးဝိန်ယို(ခ)ဦးဝန်ယူး(၁၃/နခန(နိုင်)၀၅၅၉၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၆)၊ ဦးပိုင်နံပါတ်(၁၃)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်အေးအေးခိုင် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်သိန်း(ခ)ဦးကျန်ကြည်ယုန်း(ဘ)ဦးကြာအိကော်(၉/မကန(နိုင်)၀၄၃၂၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.B** (တရားလွှတ်တော်ရှေ့နေ) **ဦးကြည်ယံ LL.B** (အထက်တန်းရှေ့နေ) **ဦးစည်သူအောင် LL.B** (အထက်တန်းရှေ့နေ) **ဒေါ်သဲမို့မို့ထွန်း LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ (၆၂)လမ်း၊ ၁၀(D)လမ်း၊ အကွက်(၁၃)၊ အုတ်စက် မဟာနဒီလမ်းနေ ဒေါ်မေသူဖြိုး(ဘ)ဦးအောင်နိုင်ဦး(၇/နတလ(နိုင်)၁၈၀၄၄၂)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသူဖြိုး၏ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းစေသည့် အကြောင်းအရာများကို ၄င်းနေထိုင်လျက်ရှိသော ပတ်ဝန်းကျင်၌သော်လည်းကောင်း၊ Social Media ဖြစ်သော Facebook၊ Telegram၊ Tiktok၊ Instagram၊ Wechat ၊ Messenger စသည့်လူမှုကွန်ရက်များပေါ်တွင်လည်းကောင်း ဖြန့်ဝေခြင်း၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့် အမျိုးမျိုးရေးသားခြင်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ တစ်ဆင့်ကြားသိရခြင်းမှဖြစ်စေ၊ မမှန်မကန်ပြောဆိုခြင်းများ၊ မှတ်ချက်ပေးခြင်းများကို ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ မပြုလုပ်ပါရန် ကြေညာရခြင်းဖြစ်ပါသည်။

မည်သူမဆို အထက်ဖော်ပြပါကဲ့သို့ နောင်တစ်ချိန်တွင် ထပ်မံ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသူဖြိုး၏ ဂုဏ်သိက္ခာကျဆင်းစေရန် တစ်နည်းနည်းဖြင့် ဆက်လက်ပြုလုပ်ဆောင်ရွက်နေမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေသူဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

ဖုန်း ➢ ၀၉-၄၀၀၄၆၉၁၈၈

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၆)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၀ ဒသမ ၀၇)ဧက အကျယ်အဝန်းရှိ ဒေါ်ညိုတင်၊ ကိုငွေးလှိုင်၊ ကိုငွေးကြိုင် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းခဲစင်းပြဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲမြင့်အောင်(ဘ)ဦးလှသိန်း(TTA-၁၄၀၁၃၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်စာနည်အောင်(LL.B)**

**ဒေါ်အေးသီတာအောင်(LL.M) ဒေါ်သန်းသန်းဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

ဖုန်း ၀၉-၇၉၇၄၇၄၁၁၇၊ ၀၉-၄၂၅၅၃၀၃၂

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကြီးမောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်နှင်းနှင်းဝေ(ခ)ဒေါ်ကျင်ချွေရင်(ဘ) ဦးကျန်ချင်ကန်(၁၃/လရန(နိုင်)၁၃၅၉၀၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**(တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း၊ ဒေါ်စီစီစိန်၊ ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်အမှတ်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅)ဧက အကျယ်အဝန်းရှိ ဒေါ်တင်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်အမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်တင်မြင့်(ဘ)ဦးချစ်ဆွေ(၁၂/ပဘတ(နိုင်)၀၀၆၉၅၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**(တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း၊ ဒေါ်စီစီစိန်၊ ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်အမှတ်(ယ-၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## ဒေါ်သဇင်ဖူးနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၁၆+၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+ ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သဇင်ဖူးထံမှ ကျွန်ုပ်မ ဒေါ်ကြည်ပြာထွန်းက (၁၀-၁၁-၂၀၁၅)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါ ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် (၂၁-၈-၂၀၂၅)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သဇင်ဖူးနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ကြည်ပြာထွန်း(ဘ)ဦးသန်းထွန်း**
**၁/မညန(နိုင်)၁၄၂၀၉၁**
**၆၆ အေလမ်း၊ ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေစင်စုမွန်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၉၃)**
**အမှတ်(ဗ-၆/၁၃၅)၊ ကံသာယာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၀၄၃၂၉**

## ဒေါ်သဇင်ဖူးနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သဇင်ဖူးထံမှ ကျွန်ုပ်မ ဒေါ်ကြည်ပြာထွန်းက(၁၀-၁၀-၂၀၁၅)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါ ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် (၂၁-၈-၂၀၂၅)ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သဇင်ဖူးနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်ကြည်ပြာထွန်း(ဘ)ဦးသန်းထွန်း**
**၁/မညန(နိုင်)၁၄၂၀၉၁**
**၆၆ အေလမ်း၊ ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေစင်စုမွန်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၉၃)**
**အမှတ်(ဗ-၆/၁၃၅)၊ ကံသာယာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၀၄၃၂၉**

❖ အလျင်အမြန်ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာ လိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းက ဆောင်ရွက်နေသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာများ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးထံ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ငွေကျပ်သိန်း ငါးဆယ်တိတိ ... 

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ငလျင်ဘေးသင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် EZRA အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်




**ရန်ကုန် ဩဂုတ် ၁၄**

အာဆီယံကလပ်ချန်ပီယံရှစ် (Shopee Cup 2025-2026) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် EZRA အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာအိုကလပ် EZRA အသင်းအား ပထမအကျော့တွင် နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး အုပ်စုအဆင့်သို့ တက်ရောက်ရန် အလားအလာကောင်းလျက်ရှိသည်။

ရှမ်းယူနိုက်တက်နည်းပြချုပ် Hiroki Ono က "လွန်ခဲ့တဲ့အပတ်က ပထမအကျော့ကို ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ သူတို့မှာ တောင့်တင်းတဲ့လူအင်အား ရှိပါတယ်။ ပြီးရင် ပြင်းပြင်းထန်ထန်ကစားနိုင်တယ်။ ပထမအကျော့မှာ သူတို့ရှုံးခဲ့တယ်ဆိုပေမယ့် မနက်ဖြန်ပွဲကတော့ လွယ်ကူမှာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပတ်မှာ ကျွန်တော်တို့အသင်းလည်း ခရီးတွေသွားခဲ့ရတယ်။ တစ်ဖက်အသင်းကလည်း တစ်ပတ်အတွင်းမှာ(၃)ပွဲလောက် ကစားဖို့ရှိပေမယ့် ဒါတွေက အဓိကမကျပါဘူး" ဟု ပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ်ချန်ပီယံရှစ် (Shopee Cup 2025-2026) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဩဂုတ် ၁၅ ရက်(ယနေ့) မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ လာအိုကလပ် EZRA အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

# အိမ်မွေးတိရစ္ဆာန်လောကတွင် နာမည်ကြီးလာသော ရှူးဂါးဂလိုက်ဒါ

ရှူးဂါးဂလိုက်ဒါ (Sugar glider)(ခေါ်)သတ္တဝါငယ်လေးများသည် အိမ်မွေးတိရစ္ဆာန်လောကတွင် နာမည်ကြီးလာပြီး ၄င်းတို့သည် သေးငယ်၍ ကျက်သရေရှိကာ အမည်နှင့် လိုက်လျောညီထွေစွာ ဝတ်ရည်ကဲ့သို့ သကြားဓာတ်ပါသော အစားအစာများကို ကြိုက်နှစ်သက်ကြသည့်အပြင် ရှဉ့်ပျံကဲ့သို့ လေထဲတွင် ပျံ့လွင့်နိုင်စွမ်းရှိသောကြောင့် ဖြစ်သည်။ ၄င်း၏ သိပ္ပံအမည်မှာ Petaurus breviceps ဖြစ်ပြီး ရှေ့လက်မှ နောက်ခြေများအထိ တွဲဆက်နေသော ပျံသန်းနိုင်သည့် အမြှေးပါးပါရှိနေ၍ ထူးခြားကာ ပေ ၁၅၀ ခန့် အထိ ပျံသန်းနိုင်သည်။ အဆိုပါ အမြှေးပါးကြောင့် အစာရေစာရှာဖွေခြင်းနှင့် သားရဲကောင်များကို ရှောင်ရှားခြင်းတို့အတွက် ထိရောက်စွာ အသုံးဝင်သည်။

ဩစတြေးလျတိုက်၊ ကွင်းစလန်းတောင်ပိုင်း၊ Great Dividing Range ၏ အရှေ့ဘက် နယူးဆောက်ဝေးလ်ပြည်နယ်နှင့် သက်ဆိုင်သော ဩစတြေးလျအရှေ့တောင်ပိုင်း၏ အစိတ်အပိုင်း အနည်းငယ်သည် ၄င်း၏ ဇာတိဖြစ်သည်။ ၄င်းနှင့် မသက်ဆိုင်သည့် တိုးချဲ့မျိုးစိတ်အုပ်စုများသည် ဩစတြေးလျ၊ နယူးဂီနီနှင့် အနီးနားရှိ ကမ်းရိုးတန်းအရှေ့ဘက်နှင့် မြောက်ပိုင်းရှိ ကျွန်းအများစုကို လွှမ်းခြုံထားသော ဒေသများတွင် နေထိုင်ကျက်စားကြသည်။ ၄င်းနှင့် မျိုးနွယ်တူသော မျိုးစိတ်များသည် လူကြိုက်များသည့် ထူးခြားဆန်းပြားသော အိမ်မွေးတိရစ္ဆာန်များ ဖြစ်ကြသည်။

ရှူးဂါးဂလိုက်ဒါသည် လွန်ခဲ့သောနှစ်ပေါင်း ၁၈ သန်းမှ ၂၄ သန်းခန့်က နယူးဂီနီမှ စတင်ပေါက်ဖွားခဲ့သည်ဟု ယုံကြည်ရသည်။ ၄င်းတို့သည် နယူးဂီနီမှ ဩစတြေးလျအထိ ပြန့်ကျဲနေကာ ဩစတြေးလျရှိ ရှေးအကျဆုံး ရှူးဂါးဂလိုက်ဒါ ကျောက်ဖြစ်ရုပ်ကြွင်းများသည် နှစ်ပေါင်း ၄ ဒသမ ၄၆ သန်းအထိ သက်တမ်းရှိပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် ကျဆင်းမှုကြောင့် နယူးဂီနီနှင့် ဩစတြေးလျကြားတွင် ကုန်းတံတားများ ဖြစ်ပေါ်လာခြင်းကြောင့် ၄င်းတို့ ဩစတြေးလျသို့ ရောက်ရှိလာခြင်း ဖြစ်နိုင်သည်။

ရှူးဂါးဂလိုက်ဒါ၊ ရှဉ့်ဂလိုက်ဒါနှင့် ဝမ်းဗိုက်အဝါရောင် ဂလိုက်ဒါတို့သည် မျိုးစိတ်တစ်ခုစီတွင် မတူညီသော ပုံစံများရှိသော်လည်း အတူယှဉ်တွဲနေထိုင်ကျက်စားလေ့ရှိကြသည်။ ၄င်းမျိုးစိတ်များသည် ညအချိန်တွင် တက်ကြွစွာ လှုပ်ရှား၍ အစာရှာလေ့ရှိတတ်ကြပြီး အကိုင်းအခက်များဖြင့် ဖုံးအုပ်ထားသော သစ်ခေါင်းပေါက်များတွင် နေ့ဘက်၌ ခိုနားတတ်ကြသည်။ ၄င်းတို့၏ ရန်သူများမှာ ထိုဒေသရှိ ဇီးကွက်များ၊ ဩစတြေးလျရှိ ငှက်ကျားကြီးများ၊ ဖွတ်ပုတတ်များ၊ မြွေများ၊ မြေကြွက်ကြီးများ၊ မြေခွေးများနှင့် ကြောင်ရိုင်းများ ဖြစ်ကြသည်။

ရှူးဂါးဂလိုက်ဒါသည် ရှဉ့်နှင့်တူသော ကိုယ်ထည်ရှိပြီး ရှည်လျားသော အမြီးပါရှိသည်။ နှာခေါင်းမှ အမြီးဖျားအထိ အရှည်သည် ၉ လက်မ မှ ၁၂ လက်မခန့်အထိ ရှိပြီး အထီးနှင့် အမများသည် ကိုယ်အလေးချိန် ၅ အောင်စမှ ၄ အောင်စ အသီးသီးရှိသည်။ နှလုံးခုန်နှုန်းသည် တစ်မိနစ်လျှင် အကြိမ် ၂၀၀ မှ ၃၀၀ အထိ ရှိပြီး အသက်ရှူနှုန်းသည် တစ်မိနစ်လျှင် ၁၆ ကြိမ်မှ အကြိမ် ၄၀ အထိ ရှိသည်။ များသောအားဖြင့် အထီးများသည် အမများထက် ပိုကြီးသည်။



၄င်း၏ သက်တမ်းသည် ၉ နှစ်အထိ ဖြစ်ပြီး ပုံမှန်အားဖြင့် ၁၂ နှစ်အထိ ဖြစ်ကာ အမြင့်ဆုံး သက်တမ်းမှာ ၁၇ နှစ် ဖြစ်သည်။

၄င်း၏ ကိုယ်ထည်ကို မီးခိုးရောင်နှင့် အညိုရောင်ဖျော့ဖျော့ အမွေးများဖြင့် ဖုံးအုပ်ထားပြီး ဝမ်းဗိုက်အောက်ဘက်တွင် အရောင်ဖျော့သည်။ ၄င်းကိုယ်ပေါ်ရှိ သားမွေးသည် ထူထဲပျော့ပျောင်းပြီး များသောအားဖြင့် ခဲပြာရောင်၊ အချို့မှာ အဝါရောင်၊ အသားရောင် ရှိကြသည်။ အနက်ရောင်အစင်းကြောင်းကို ၄င်း၏ နှာခေါင်းမှ အလယ်ဗဟိုအထိ ၄င်းမှ နောက်ကျောအထိ မြင်တွေ့ရသည်။ ၄င်း၏ ဝမ်းဗိုက်၊ လည်ချောင်းနှင့် ရင်ဘတ်တို့သည် ခရင်မ်အရောင်ရှိသည်။ ၄င်း၏ ကြီးမားသော မျက်လုံးများသည် ညဘက်တွင် မြင်နိုင်ရန် ကူညီပေးပြီး အမှောင်ထဲတွင် သားကောင်ရှာရန် နားရွက်များကို လှည့်ပတ်နေလေ့ရှိသည်။ ခြေတစ်ဖက်စီတွင် ခြေချောင်းငါးချောင်း ပါရှိပြီး လူ၏ လက်မကဲ့သို့ ခြေချောင်းတစ်ချောင်းပါရှိကာ အခြားခြေချောင်းများကို ထိနိုင်စေရန် ကွေးညွှတ်နိုင်ပြီး သစ်ကိုင်းများကို မြဲမြံစွာ ဆုပ်ကိုင်နိုင်သည်။

**စာမျက်နှာ ၁၀ သို့** ✡